
www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော် ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသော တရားတော်

# လောကွတ်အလုပ်ကိုရှောင်ကြပါ

(ရှင်နန္ဒက)

(၂၁၂၇၉)

၇၅

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ ၊ ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# လောကွတ်အလုပ်ကိုရှောင်ကြပါ

(၂၀-၂-၅၉)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - ၅၆/၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . ၆၆/၂၀၀၀ (၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု၊ ဇန်နဝါရီ
တန်ဖိုး - (        )

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ''လော ကွတ် အ လုပ် ကို ရှောင် ကြ ပါ''

(ရှင်နန္ဒက)

(၂-၁၂-၅၉)

ဒီကနေ့တဲ့ . . .

ဒကာ-ဒကာမတွေအား, အားမကိုးကောင်းတာတွေ, အားကိုးပြီးသကာလ မနေပါနဲ့။

အားကိုးစရာကို, အားကိုးကောင်းတာကို အားကိုးပြီးသကာလ, နေပါလို့ ဆိုတာကိုလဲ သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါ, အမြင်ကျယ်ကျယ်နဲ့ ကြည့်လိုက်လို့ . . ။

ဩော်သူတို့ စိုးရိမ်ကြောင့်ကြ ဗျာပါရတွေ, အမေ အဖေက သားသမီးစိုးရိမ်ကြောင့်ကြ ဗျာပါရတွေရှိတယ်၊ သားသွီးက-အမေအဖေကို ပြန်ပြီးသကာလ စိုးရိမ်ကြောင့်ကြ ဗျာပါရတွေရှိတယ် . . ။

သူတို့ရှိနေလို့ရှိရင်လဲ, ရှိတဲ့အလုပ်ကို, ပြီးဆုံးတဲ့အ

www.dhammadownload.com



လုပ်ကိုတော့မလိုက်ရှာဘူး၊ မပြီးဆုံးတာကိုသာလျှင် စိုးရိမ်သောက-ဗျာပါရဖြစ်နေကြတယ်လို့ သဗ္ဗညုတဉာဏ်တော်နဲ့ကြည့်လိုက်တော့ မြင်တော်မူတယ်လို့ ဒကာ-ဒကာမတွေမှတ်ထားရမယ့် . . . (မှန်ပါ)။

## အားကိုးမမှန်သေးဘူး

အမေကလဲ သားတွေ သမီးတွေ, အမေအဖေကလဲ, သားတွေ သမီးတွေအတွက်ဟာ စိုးရိမ်တယ်၊ သားသမီးတွေကလဲ,,အမေ အဖေရင့်ရော်၊ အိုမင်းပြီဆိုမှဖြင့် စိုးရိမ်ကြတာဘဲ . . . (မှန်ပါ)။

စိုးရိမ်ကြောင့်ကြ ဗျာပါရဖြစ်ပြီးသကာလ၊ သူတို့စားဖို့သူတို့သောက်ဖို့ သူတို့နေဖို့ထိုင်ဖို့ အိမ်ယာတိုက်တာ မြေယာအစရှိသည်တို့ဖြင့်၊ သူတို့အတွက် အားကိုးအားထားဖြစ်အောင်တော့ တို့သည်ကားတော့ဖြင့် အမွေအနှစ်ကျန်ရစ်အောင် လုပ်မှဘဲဆို ပြီးသကာလ၊ ဒကာ- ဒကာမတွေတယ်ငဲ့ရှာတာကိုး . . . (မှန်ပါ)။

သားတွေသမီးတွေ မငဲ့ကြဘူးလား . . (ငဲ့ကြပါတယ်)။ သားတွေသမီးတွေကလဲ အမေအို အဖေအိုတွေက် ဘယ်စိတ်ချမ်းသာ၊ လက်ချမ်းသာ ထားရပါ့မလဲဆိုပြီးသကာလ၊ ငဲ့လုံးကောင်းကောင်းနဲ့ နေကြတာဘဲ၊ . . . (မှန်ပါ)။

www.dhammadownload.com



နေပင်၊ နေကြဉ်ရြားသော်လဲ သူတို့ဟာကွာတဲ့ . . .
တကယ်ရှုပ်ပြီးသကာလ၊ တကယ်ငဲ့တဲ့အလုပ်တော့လဲ မဟုတ်ဘဲနဲ့၊ သူတို့ဟာသူတို့ ဖောက်ပြန်ပြီးသကာလ၊ စိုးရိမ် ကြောင့်ကြ ဗျာပါရဖြစ်နေတာသာရှိတယ်ဆိုပြီး . . .။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ အမေက၊အဖေ ကသားသမီးအပေါ် အမှားတွေ အားကိုးလုံးထားတာတွေ၊ သားသမီးက၊ အမေ အဖေပေါ်မှာ ငဲ့လုံး၊ အားကိုးလုံးထားပြီး သကာလ ကြောင့်ကြဗျာပါရတွေနဲ့နေတာဟာ မမှန်သေးတဲ့ အကြောင်းကို ထုတ်ပြတယ် . . . (မှန်ပါ)။

ဒကာ- ဒကာမတွေ အသေအချာ ဉာဏ်နားနဲ့ ထောင်ပါလို့ သတိပေးလိုက်တယ် - နော် . . . (မှန်ပါ)။စိုး ရိမ်လိုက်ကြတာ အမေမိဘတွေက ဘယ်လိုများစိုးရိမ်တယ် ဆိုလို့ရှိရင်ဖြင့်၊ ဩော် - လောကကြီးထဲမှာ မီးတွေများတစ် မြို့လုံးလောင်လို့ရှိရင်ဖြင့်၊ အမေသည်သားသမီး၊ အမေအဖေ သည် သားသမီးမကယ်နိုင်ဘူး၊ သားသမီးကလဲ အမေမိဘလဲ မကယ်နိုင်ဘူး၊ အတော်ကြောက်စရာကောင်းတဲ့ ကိစ္စတစ်ခု ပါလားလို့ တွေးလုံးထဲ တစ်ခါတလေပေါ်လာတယ်၊ . . . (မှန်ပါ)။

တစ်ခါတလေကျလာတဲ့အခါကြ၊ ရေဘေးကြီးများ သင့်ပြီးသကာလ၊ လာတဲ့အခါ၊ အမေတကွဲ၊ အမေအဖေ

www.dhammadownload.com



တကွဲ၊ သားသမီးတကွဲ ဒီလိုများဖြစ်ပြီးသကာလ၊ နေလို့ရှိရင် ဖြင့်၊ အင်မတန်ကြောက်စရာကောင်းပါလားလို့ အမေ အဖေ များကလဲတွေးတယ်၊ သားသမီးများကလဲ တွေးကြတာပေါ့နော် . . . (မှန်ပါ)။

တစ်ခါတလေကျလို့ရှိရင်လဲတဲ့၊ စစ်တွေဘာတွေဖြစ်၊ သူပုန်တွေဘာတွေထပြီးသကာလ နေကြမယ်ဆို၊ အင်းအမေ မိဘကလဲသားသမီးကို ဦးတည့်ရာသွားကြလာကြတဲ့အ ခါများ ဖြုန်းခနဲပေါ်ပေါက်တဲ့ ကိစ္စတွေ ကြုံကြမယ်ဆိုလို့ရှိ ရင်ဖြင့် အမေမိဘကလဲ သားသမီးမကယ်နိုင်၊ သားသမီးက လဲ အမေမိဘ မကယ်နိုင်တွေဟာ၊ အမေမိဘကသော် လည်းကောင်း၊ သားသမီးကသော်လည်းကောင်း၊ ကြုံဖန်ပြီး သကာလ စိုးရိမ်စရာတွေ . . . (မှန်ပါ)။

## စိုးရိမ်ခြင်းသုံးမျိုး

စိုးရိမ်ခြင်း သုံးမျိုးကို ထုတ်ပြတယ် နော်၊ (မှန်ပါ)။ စိုးရိမ်ခြင်း သုံးမျိုးက ဒကာ၊ ဒကာမတွေ ရှင်းပေးပါတယ်၊ မီးလောင်လို့ရှိရင်လဲ အမေအဖေတကွဲ၊ သားသမီးတကွဲ ဖြစ် မှာကို အလွန်စိုးရိမ်ကြတယ်၊ . . . (မှန်ပါ)။

အမေက သားသမီးမကယ်နိုင်ဘူး၊ သားသမီးက အမေအဖေကို . . . (မကယ်နိုင်ပါဘူး)။

www.dhammadownload.com



အင်း - ဒါကြဲဖန်တွေးပြီး စိုးရိမ်တတ်ကြတယ်၊ . . . (မှန်ပါ)။ ရေကြီးလာတဲ့အခါလဲ မောင်နိုင် ဒီတိုင်းစိုးရိမ်တတ်ကြတယ်၊ (မှန်ပါ)။ အမေကသားသမီး မကယ်နိုင်၊ သားသမီးက အမေမိဘ မကယ်နိုင် ဒီလိုကိစ္စများကြုံမှာ သိပ်စိုးရိမ်တာပဲ၊ . . . (မှန်ပါ)။

စစ်တွေဘာတွေဖြစ်ပြီးသကာလ၊ ဦးတည့်ရာပြေးကြလွှားကြ၊သူပုန်တွေဘာတွေဝင်လို့ ဦးတည့်ရာပြေးကြ လွှားကြတဲ့အခါမှာလဲ၊ အမေအဖေက သားသွီး မကယ်နိုင်၊ သားသွီးကအမေမိဘ မကယ်နိုင်ဘဲနေမှာကိုလဲ တွေးပြီး သကာလ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရဖြစ်ကြတယ်. . . (မှန်ပါ)။

အဲ့ဒါတွေက ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့၊ ဒါစိုးရိမ်စရာ မဟုတ်ဘူးလို့ ငါဘုရားတွေးမိပါတယ်၊ . . . (မှန်ပါ)။ စိုးရိမ်စရာမဟုတ်ဘူးတဲ့၊ ဒကာ- ဒကာမတို့နော်၊ . . . (မှန်ပါ)။

## ခွင်းချက်ရှိသေးတယ်

တကယ်မကယ်နိုင်တဲ့ အလုပ်ကယ်လို့ မဟုတ်ဘူးဘွတဲ့ ဒီဥစ္စာနော်၊ (မှန်ပါ)။ ဒါက ခြွင်းချက်နဲ့ ရှိသေးတယ်၊ ခွင်းချက်ရှိသေးတယ်၊ . . . (မှန်ပါ)။

ဥပမာမယ်၊ ကိုမြင့်တို့ မောင်နိုင်တို့ စဉ်းစားစရာက

www.dhammadownload.com



မီးလောင်လာတယ်ဆိုပေမဲ့လဲ သူလည်းဦးတည့်ရာပြေး၊ ငါလည်းဦးတည့်ရာပြေး၊ နောက်ပြန်မဆုံနိုင်ဘူးလား၊ (ဆုံနိုင်ပါတယ်)။

ဪ ဒီဥစ္စာက ခြွင်းချက်နဲ့ဆုံမယ်ဆို ဆုံနိုင်သေးတယ်၊ . . . (မှန်ပါ)။ မဆုံနိုင်ကြဘူးလား၊ (ဆုံနိုင်ပါတယ်)။

တစ်ခါရေကြီးလာတယ်ဆိုပေမဲ့လဲ၊ သူလည်းမျော၊ ငါလည်းမျော၊ အကြောင်းတိုက်ဆိုင်လို့ မသေကြသေးရင် တွေ့နိုင်ကြသေးတယ်။ (မှန်ပါ)။ ဆုံနိုင်ရေးရှိသေးတယ် မဟုတ်လား၊ (ရှိပါတယ်ဘုရား)။

စစ်တွေဘာတွေဖြစ်လာလို့ ဦးတည့်ရာ၊ ဗုံးတွေကချ၊ အမြောက်တွေကပစ်လို့ စစ်တွေကမြို့ထဲဝင်လို့ ဦးတည့်ရာသွားကြ၊ လာကြတဲ့အခါမှာလဲ၊ အင်း မသေလို့ရှိရင် တစ်ခါတလေပြန်တွေ့နိုင်တဲ့အခြေအနေရှိ မရှိ . . . (ရှိပါတယ်)။

သို့သော်လဲတဲ့, အမေ မိဘကသော်လည်းကောင်း, သားသမီးကသော်လည်းကောင်း, ဒီဘေးသုံးဘေးကို တွေးပြီး သကာလ အင်း စိုးရိမ်ကြောင့်ကြဗျာပါရ, အတော်ရှိတတ်တယ်၊ (ရှိပါတယ်)။ သို့သော် ဒီဥစ္စာခြွင်းချက်ရှိတယ်ကွာ, ပြန်တွေ့နိုင်တဲ့နည်းက ရှိသေးတယ်လို့ ဘုရားကဟောလိုက်တယ်နော် (မှန်ပါ)။

မင်းတို့ စိုးရိမ်မှားနေတယ်တဲ့ ဒီဥစ္စာပြန်တွေ့နိုင်တဲ့

www.dhammadownload.com



ကိစ္စ တစ်ကြိမ်တလေ ရှိပါသေးတယ် (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

သားသမီးက အမေကယ်နိုင်တယ်၊ အမေအဖေက သားသမီးကယ်နိုင်တယ်, သားသမီးက အမေအဖေ ကယ်နိုင်တယ်, တွေ့နိုင်ကြုံနိုင်တယ်ဆိုတဲ့ကိစ္စတွေ အများကြီး ရှိပါတယ်. . . (မှန်ပါ)။

ငါက ပြောချင်တာက ဘကယ်ဒီဥစ္စာ ပြန်မတွေ့နိုင်တဲ့နည်းကို ကယ်တဲ့နည်းကိုသာလျှင် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမေအဖေကလဲ သားသမီးများကယ်စေချင်တယ်၊ သားသမီးကလဲ, အမေအဖေကို ကယ်စေချင်တယ်ဆိုတာက, အရေးကြီးတယ်ကွာ၊

ကဲ-ဒါဖြင့် ဒကာ-ဒကာမတို့ အခုဟာက ခွင်းချက်နဲ့တွေ့နိုင်ကြုံနိုင်သေးတယ်ဆိုတဲ့ သုံးခု သိကြပြီလား. . . (သိပါပြီ)။

ရေဘေး,မီးဘေး,စစ်ဘေးကြုံခဲ့ရင်တော့ မောင်နိုင်တို့ကို မြင့်တို့ကွဲပင်ကွဲငြားသော်လဲ တစ်ခါတလေ ပြန်မတွေ့နိုင်ဘူးလား (တွေ့နိုင်ပါတယ်)။

အသက်ကြွင်းကျန်နေကြလို့ရှိရင် ဒကာဒကာမတို့တွေ့နိုင်သေးတယ်ဆိုတာ အမှန်ပေါ့ဗျာ . . . (မှန်ပါ)။ ဒါကယ်နိုင်ယူနိုင်သေးတယ်လို့ ဘုရားက အမိပွါယ်ရတယ်. . . (မှန်ပါ)။

www.dhammadownload.com



အမေက သားသမီးကယ်နိုင် ယူနိုင်သေးတယ်, သဘောကျလား (ကျပါတယ်)။ သားသမီးက အမေအဖေကို . . . (ကယ်နိုင်ယူနိုင်သေးပါတယ်ဘုရား)။

## စိုးရိမ်စရာအစစ်အမှန်ဆိုတာ

မကယ်နိုင်, မယူနိုင်တာကို, ငါပြောပါရစေကွာတဲ့ သူတို့ စိုးရိမ်တာကတခြား, သူတို့ စိုးရိမ်တာက ဒီကိစ္စ စိုးရိမ်တယ်၊ ငါစိုးရိမ်တာက ဒါမဟုတ်ဘူးတဲ့ ဘုရားက. . . (မှန်ပါ)။

အမေအိုလာတာကို သားသမီးများက ဘယ့်နှယ်မှ မတတ်နိုင်ဘူး. . . (မှန်လှပါ)။ ဒီဘက်သားသမီးက ဒီအမေအိုလာတာကို (ဘယ့်နှယ်မှမတတ်နိုင်ပါဘုရား)။ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ သားသမီးတို့၏ အိုမှုကြီးလာတာကိုလဲ အမေအဖေက. . . (မတတ်နိုင်ပါဘူး)။

ဩော် ဒါက မတတ်နိုင်တဲ့နည်း၊ စိုးရိမ်လို့ရှိရင် ဒါ စိုးရိမ်စေချင်တယ်၊ ဟိုက တစ်ကြိမ်တလေ ပြန်တွေ့နိုင်သေးတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

စိုးရိမ်စရာက အမေအဖေအိုတာကို သားသမီးက . . . (မတတ်နိုင်ပါဘူး)။ သားသမီးအိုတာကို အမေအဖေက . . . (မတတ်နိုင်ပါဘူး)။

www.dhammadownload.com



ဩော် အဲ့ဒါကိုသာလျှင် စိုးရိမ်ဖို့ကောင်းတယ်၊ ဩော် မတတ်နိုင်တဲ့ကိစ္စ ရှိပါသေးကလား၊ ဒီဟာမှ သိပ်စိုးရိမ်စရာ အစစ်ပါလား မတတ်နိုင်တဲ့အလုပ်ပါလားလို့၊ မောင်နိုင်တို့ ကိုမြင့်တို့ စိုးရိမ်စရာ ဒါမှအစစ်. . . (မှန်ပါ)။

စိုးရိမ်စရာအစစ် သိကြပါကလား. . . (သိပါဘုရား) အမေအိုတာကို သားသမီးများကလဲ. . . (မတတ်နိုင်ပါဘုရား)။ သားသမီးအိုမူကြုံလာတာလဲ အမေအဖေက. . . (မတတ်နိုင်ပါဘုရား)။

ဩော် စိုးရိမ်ရင် အဲ့ဒါကတော့ မလွဲကေန်စိုးရိမ်ရမှာမို့ ဒီဟာကို ကြံဖန်ပြီးသကာလ စိုးရိမ်စေချင်တယ်ကွာ သဘောပါကျလား. . . (ပါပါတယ်ဘုရား)။

ဘုရားစိုးရိမ်စေချင်တာက အမေအိုတာ သားသမီးက မတတ်နိုင်ဘူး. . . (မှန်ပါ)။ အမေအဖေအိုတာ သားသမီးက မတတ်နိုင်ဘူး သားသမီးအိုတာကို အမေအဖေက. . . (မတတ်နိုင်ပါဘူး)။

အဲဒါကျတော့ကိုးတဲ့ တစ်ကြိမ်တစ်ခါပြန်ပြီး သကာလ, ပျို့ကြောင်းရှိသေးရဲ့လား. . . (မရှိပါဘုရား)။ မောင်နိုင်ရှိသေးရဲ့လား. . . (မရှိပါဘုရား)။ စိုးရိမ်စရာက ဒါသာကောင်းတယ်ဆိုတာကော သဘောပါလား. . . (ပါ,ပါဘုရား)။ ကဲဒါက တစ်နံပါတ်။

www.dhammadownload.com



နှစ်နံပါတ်က ဟောဒါက အမေအဖေ, ဟောဒါက သားသမီးအမေအဖေနာပြီး အနာရောက်နေတာကို သား သမီးက ဘယ်လိုမှ မတတ်နိုင်ဘူး. . . (မှန်ပါ)။ တတ် နိုင်သေးရဲ့လား. . . (မတတ်နိုင်ပါဘုရား)။ သားသမီး အနာ ပေါက်နေတယ်၊ အမေအဖေက ဆေးကလေး ဆရာဝန် ကလေးခေါ်ပေးရုံမှတစ်ပါး, ဘာတတ်နိုင်လဲ. . . (မတတ် နိုင်ပါဘုရား)။

သူ့အနာ, ကိုယ်ယူလို့ရရဲ့လား. . . (မရပါဘူး) ဩော်. . . ဒါကတစ်ကြိမ်တစ်ခါ ကယ်နိုင်သေးတယ်ဆိုတဲ့ အခိပ္ပါယ်မျိုးပါပါရဲ့လား. . . (မပါပါဘုရား)။ မပါတော့ အမေက သားသမီးစိုးရိမ်တာ ဒီလိုဟာ စိုးရိမ်စမ်းပါ၊ သဘော ကျလား. . . (ကျပါတယ်)။ သားသမီးက စိုးရိမ်လို့ရှိရင်လဲ တဲ့ ဒီဟာကို စိုးရိမ်လို့ရှိရင် စိုးရိမ်တာ မှန်တယ်ကွာတဲ့။

ဩော် အမေနာတာ, အမေအဖေနာတာ, သားသမီး က မတတ်နိုင်ဘူး, သားသမီးအနာရောက်လာတာ အမေ အဖေမတတ်နိုင်ဘူး။ စိုးရိမ်မယ်ဆိုရင် ဒါစိုးရိမ်စရာတယ် ကောင်းတဲ့ အချက်တဲ့၊ ဒါကတစ်ကြိမ်တလေမှ မတတ် နိုင်ဘူး. . . (မှန်လှပါ)။ သဘောပါကြလား. . . (ပါပါ ဘုရား)။

ကောင်းပြီ တတိယအချက်သွားပါဦးမယ်၊ အမေ

www.dhammadownload.com



အဖေ သေတာကိုလဲ မသေပါစေနဲ့လို့ သားသမီးက တားလို့ ဆီးလို့. . . (မရပါဘုရား)။ သားသမီးသေတာကိုလဲ အမေ အဖေက တားလို့ဆီးလို့. . . (မရပါဘုရား)။ ဪ- မတတ်နိုင်တဲ့ကိစ္စက ဒါပါလား. . . (မှန်ပါ)။

အမေအိုတာ သားသမီးက မတတ်နိုင်, သားသမီး အိုတာကို (အမေကမတတ်နိုင်ပါ)။ အမေနာတာကို သားသမီးက (မတတ်နိုင်ပါ)။ သားသမီးအနာရောက်လာ တာကို. . . အမေက မတတ်နိုင်ပါဘုရား။ အမေသေတာကို သားသမီးက အမွှမအဖေသေတာကို သားသမီးက. . . (မတတ်နိုင်ပါဘူး)။ သားသမီးသေတာကို အမေအဖေက (မတတ်နိုင်ပါဘူး)။

အဲ့ဒီကိစ္စမျိုးကိုသာ သားသမီးကလဲ အမေ့စိုးရိမ် စရာအကြောင်းရှိတယ်။ အမေအဖေကလဲ သားသမီးကို ဒါသာလျှင် စိုးရိမ်စရာ အကြောင်းရှိတယ် သဘောကျ လား. . . (ကျပါတယ်)။

ခုနက သုံးမျိုးကတော့ ကံကောင်းအကြောင်းသင့်ရင် ပြန်တွေ့တယ်၊ အခုဟာကတော့ ကယ်လို့ယူလို့. . . (မရ ပါဘုရား)။ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။ ကယ်လို့ယူလို့ကို ရနိုင်သေးလား၊ (မရပါဘုရား)။

www.dhammadownload.com



## ဘုရားအမြင်နဲ့တခြားစီ

အဲ့ဒီတော့ကိုတဲ့မင်းတို့ လောကရေး အတွေးနဲ့ ငါဘုရားအမြင်နဲ့ တခြားစီကွာ၊ လောကရေးကတော့ မီးလောင်ရင်ခက်တယ်၊ ရေကြီးရင်ခက်တယ်၊ စစ်ဘေးကြုံလာခက်တယ်၊ ဒီသားတွေသမီးတွေနဲ့ ဒီလိုသာ တွေးလေ့ရှိတယ်၊ အဲ့ဒီအတွေးက ထစ်ခါတလေ ပြန်ပြီးသုံ့ကာလ အကြောင်းညီညွတ်တွေ့နိုင်တယ်, ကြုံနိုင်တယ်ဆိုရှိပါသေးတယ်. . . (မှန်ပါ)။ သဘောပါကြလား. . . (ပါပါတယ် ဘုရား)။

အခု အကြောင်းသုံးခုကတော့ ဒကာ-ဒကာမတို့ အဟုတ်ကို မကယ်နိုင်တဲ့အရေးဘဲ. . . (မှန်ပါ)။ ဆိုနိုင်ကြလား. . . (ဆိုနိုင်ပါတယ်)။ အဟုတ်ကို မကယ်နိုင်တဲ့ အရေးပါဘဲဆိုတာ မည်သူတစ်ဦးတစ်ယောက်မှ, ဒီဥစ္စာ မတတ်နိုင်တဲ့ အလုပ်ပဲလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောဆိုတာ မှန်ပါလား. . . (မှန်ပါတယ်)။

အဲ့ဒီတော့ကွာတဲ့. . . မင်းတို့အတွေးနဲ့ ငါ့အမြင်နဲ့ တော့ဖြင့် အတော်ခြားနားနေပြီ, သဘောကျလား. . . (ကျပါတယ်)။ ဘုရားအမြင်နဲ့, ဒကာဒကာမတွေ အတွေးနဲ့ ဆိုရင် ဘယ့်နှယ်နေတုံး. . . (ခြားနားပါတယ်ဘုရား)။

www.dhammadownload.com



သူတို့က ကယ်ယူနိုင်တာကို တစ်ခါတလေပြန်ပြီး ကယ်ယူနိုင်တာကိုသာ စိုးရိမ်တယ်. . . (မှန်ပါ)။ မကယ်ယူနိုင်တာကို မစိုးရိမ်ဘူး. . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော်နဲ့ မင်းတို့ကို အမြင်မှန်ကို ငါပေးပို့မယ်ကွာ သဘောကျလား. . . (ကျပါတယ်)။

## အမြင်မှန်ဆိုတာ

အမြင်မှန်ပေးတော့မယ် ဒကာ-ဒကာမတို့. . . (မှန်ပါ)။ အမြင်မှန်ဆိုတာ ဘာပါလိမ့်မလဲလို့ အမေးထုတ်ဖို့ဟာမလိုဘူးလား. . . (လိုပါတယ်ဘုရား)။

ကဲ-သားသမီးအိုတာကိုလဲ အမေအဖေက တတ်နိုင်အောင် အမေအဖေအိုတာကိုလဲ သားသမီးက လွတ်ရေးကျွတ်ရေးတတ်နိုင်အောင် အမေအဖေကလဲ သားသမီးများကို မဂ္ဂင်အလုပ်လုပ်ပါ. . . (မှန်ပါ)။ ပြောပါ, သဘောကျလား . . . (ကျပါတယ်ဘုရား)။

သားသမီးများကလဲ အမေအဖေကို တကယ်တမ်းခင်ဗျားတို့ မကယ်နိုင်တဲ့အလုပ်ကိုဖြင့် ရှိနေတဲ့အတွက် ကယ်နိုင်တာအစစ်ကို ပြောပါရစေဆိုပြီး သားသမီးများက

www.dhammadownload.com



အမေအဖေ မင်္ဂလာအလုပ်ပဲလုပ်ပါ ဝိပဿနာအလုပ်-လုပ်ပါ။ . . . (မှန်ပါ)။ အဲ့ဒါ ကယ်နိုင်တယ်. . . (မှန်ပါ)။

ဘယ်လိုကြောင့် ကယ်နိုင်တုံးဆိုတော့ အမေအဖေက, မင်္ဂလာအလုပ်, လုပ်လိုက်ပြီဆိုမှဖြင့်လဲ အမေအဖေသည် အိုမှုနာမှုကင်းတဲ့ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ)။ ဒါသားသမီးများက ကယ်လိုက်တာကိုး။

သားသမီးများကိုလဲ အမေအဖေက ချစ်ပါတယ်, ခင်ပါတယ် မခွဲချင်ပါဘူး, မင်းတို့ နာတာအိုတာလဲ မကြည့်ချင်ပါဘူးကွ ဆိုလို့ရှိရင်လဲ မင်းတို့ မင်္ဂလာအလုပ် လုပ်ပါလို့ တိုက်တွန်းပါ. . . (မှန်ပါ)။ ဒါကယ်နိုင်တဲ့အလုပ်ပါ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အမေက သားသမီးကယ်နိုင်တဲ့အလုပ် ဘာတွေရှိသေးတယ်ဆိုတာလဲ, ဒကာ-ဒကာမတို့ ယနေ့ပေါ်လာပါပြီ . . . (ပေါ်ပါပြီဘုရား)။

အဲ့ဒါ တိကနိပါတ် အင်္ဂုတ္တိုရ်မှာ လာသည်လို့ မှတ်ရမယ်နော်၊ (မှန်ပါ)။

ကိုင်း-ဒကာ-ဒကာမတွေ အခုသားတွေသမီးတွေ လူလားမြောက်ဖို့ လူချင်းတူတူ သူချင်းမျှမျှ သူချင်းမျှနိုင်အောင်, အားပေးနေတဲ့အလုပ်က မကယ်နိုင်တဲ့အလုပ်ကို အားပေးနေတယ်. . . (မှန်ပါ)။

www.dhammadownload.com



ကယ်နိုင်တဲ့အလုပ်ကို အားပေးဖို့ ဘုရားဟောတော်မူတယ်. . . (မှန်ပါ)။ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။ အင်း-ကယ်နိုင်တဲ့အလုပ်က ဘာပါလိမ့်မတုံး. . . (မဂ္ဂင်အလုပ်ပါဘုရား)။

ဒါဖြင့် အမေအဖေကို သားသမီးက ကယ်ချင်ရင်လဲ ဘယ်လိုကိုတိုက်တွန်းမလဲ. . . (မဂ္ဂင်အလုပ်-လုပ်ပါ)။ မဂ္ဂင်အလုပ်-လုပ်ပါလို့ တိုက်တွန်းကြပါနော်. . . (မှန်ပါ)။

အမေအဖေကလဲ သားသမီးများနဲ့ မခွဲချင်ပါဘူး တို့မင်းတို့ အိုတာ-နာတာ-သေတာကို ငါလုံးဝ မကြည့်နိုင်ဘူးဆိုလို့ရှိရင်လဲ, သားသမီးများကို, မဂ္ဂင်အလုပ်ပဲ တိုက်တွန်းပါ. . . (မှန်ပါ)။ မကြည့်ရတော့ဘူး. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

တစ်ခါ သားသမီးများကလဲ အမေမိဘကို ကြင်နာပါတယ်။ ယုယပါတယ်, ကျေးဇူးတုံ့လှယ်ပြန်ဆပ်ချင်ပါတယ်လို့ ဆိုလို့ရှိရင် အမေတို့အိုတာ, အမေတို့နာတာ, အမေတို့သေတာကိုလဲ, အမေအဖေသေတာ မကြည့်ချင်ပါဘူး မကြုံချင်ပါဘူးလို့ ဆိုလို့ရှိရင်လဲ သားသမီးများကလဲ အမေအဖေကို ဒီအလုပ်လုပ်ပါ၊ ဒါမှ အမေတို့အိုတာ၊ နာတာ၊ သေတာကို ဟျွန်တော်တို့ မမြင်ရမှာဆိုပြီး သားသမီးများ

www.dhammadownload.com



ကလဲ ဒီလိုဘဲ တိုက်တွန်းရမယ်. . . (မှန်ပါ)။ ရှင်းကြ လား. . . (ရှင်ပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ အမေအဖေက သားသမီးကယ်နိုင် သားသမီးက အမေအဖေကယ်နိုင်တဲ့ နည်း ရှိသေးတယ်ဆိုတာလဲ ဘုရားဟောတော်မူတယ်. . . (မှန်ပါ)။

## မဂ္ဂင်အလုပ်လုပ်ကြပါ

ဘာနည်းပါလဲဗျာ. . . (မဂ္ဂင်နည်းပါ)။ မဂ္ဂင်အလုပ် လုပ်တဲ့နည်းသည်, ဒကာ-ဒကာမတို့ နည်းအကောင်းဆုံးပါ . . . (မှန်ပါ)။

အခုတော့ဖြင့် ဒကာ-ဒကာမတွေက အင်း သူတို့ လူလားမြောက်အောင်, အင်း သူတို့ပညာသင်ပေး, သူတို့ စီးပွားရေး, အမွေလေးခွဲပေးခဲ့, အင်းသူတို့ လူပုံအလယ် တင့်တောင့်တင့်တယ် နေရစ်ခဲ့, ဘယ်လိုတင့်တောင့်တင့် တယ် နေရစ်ခဲ့ရမတုံး, အိုဘေး-နာဘေး-သေဘေးတွေနဲ့ နေရစ်ခဲ့ရတာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါ တယ်)။ ဘာနဲ့နေရစ်ခဲ့ရလဲ. . . (အိုဘေး-နာဘေး-သေ ဘေးတွေနဲ့ နေရစ်ခဲ့ရပါတယ်)။

ဒါကိုများ မ‌ေ့အေမိဘကို သားသမီးတွေက ကျေးဇူး

www.dhammadownload.com



တုံ့ပြန်တဖန် ဆပ်ပါတယ်ဆိုပေမဲ့ အင်းဝါဆိုဦး၊ သီတင်းကျွတ် တန်ခူးလ အစရှိတဲ့ အဝတ်အထည်ကလေးတွေနဲ့ ကန်တော့ ဒါလောက်နဲ့လဲ ဒီအမေအဖေ အိုမှုနာမှုသေမှု ပျောက်ပါ့ မလား. . . (မပျောက်ပါဘူးဘုရား)။

မပျောက်သေးတော့ တကယ်အမေအိုတာ အမေ နာတာ အမေစိတ်မချမ်းသာတာ မကြည့်ချင်ပါဘူး မရှုချင် ပါဘူး ဆိုလို့ရှိရင်လဲ အမေအဖေကို ဘာနဲ့ ခင်ဗျားတို့ အမွေ ဆပ်ကြမလဲ. . . (မဂ္ဂင်နဲ့အမွေဆပ်ရမှာပါ)။

မဂ္ဂင်အလုပ်, လုပ်ပါလို့ဆိုတော့, မဂ္ဂင်သည်ကား နိဗ္ဗာန်သွားတဲ့, လမ်းမတော်လမ်းကောင်းကြီးဆိုတာ ဒကာ, ဒကာမတွေ နေ့တိုင်းပြောနေတယ်, သိလောက်ပါပြီ. . . (မှန်ပါ)။ မသိကြဘူးလား. . . (သိပါတယ်ဘုရား)။

အဲ့ဒီမှာ အို-နာ-သေရှိပါရဲ့လား. . . (မရှိပါဘုရား)။ မရှိတော့ အဲ့ဒီရောက်သွားလို့ရှိရင်ဖြင့် အမေအိုတာလဲ မကြည့်ရတော့ဘူး (မှန်ပါ)။ အမေနာတာကော. . . (မကြည့်ရတော့ပါဘုရား)။ အမေသေတာကော. . . (မကြည့်ရတော့ပါဘုရား)။

အမေကလဲ သားသမီးတွေတိုက်တွန်းပေး၊ ချစ်ပါ တယ်, ခင်ပါတယ်, ကြင်နာပါတယ်, မင်းတို့နဲ့ မခွဲချင်ဘူး မပြုချင်ဘူး, မင်းတို့ အိုတာ,နာတာ, သေတာများကွာ နဲနဲမှ

www.dhammadownload.com



စိတ်ကူးထဲထည့်တာတောင် မျက်ရည်လည်လာသေးတယ် ဆိုလို့ရှိရင်ဖြင့် သူတို့အိုမှု-နာမှု-သေမှုကို ကျုပ်တို့မကြည့်ချင်တဲ့အတိုင်း အမေအဖေက ဒါလုပ်ပေးဆိုပြီး တိုက်တွန်းလို့ရှိရင် သူတို့အိုမှု-နာမှု-သေမှုကို အမေအဖေသည် တွေ့စရာမြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

ဒါဖြင့် တစ်ယောက်က တစ်ယောက်ကို တကယ်တမ်း ကယ်ချင်ကြလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ကယ်နိုင်တဲ့နည်း ဘုရားဟောတော်မူတာ, တွေ့ကြပါပြီလား. . . (တွေ့ပါပြီဘုရား)။ ဘာတွေ့ပါလိမ့်. . (မဂ္ဂင်တွေ့ပါတယ်ဘုရား)။

ဒါဖြင့် အမေအဖေကလဲ သားသမီးများ ကယ်ချင်ကြရင်ဖြင့် ဒကာ-ဒကာမတို့ ကယ်နိုင်တဲ့နည်း ဘုရားဟောတော်မူတာ, တွေ့ကြပါပြီလား. . . (တွေ့ပါပြီဘုရား)။ ဘာတွေ့ပါလိမ့်. . . (မဂ္ဂင်တွေ့ပါတယ်ဘုရား)။

ဒါဖြင့် အမေအဖေကလဲ သားသမီးများ ကယ်ချင်ကြရင် ဘာလုပ်ခိုင်းရလဲ. . . (မဂ္ဂင်လုပ်ခိုင်းရမှာပါ)။ သားသမီးများကလဲ အမေအဖေကို ကြင်နာပါတယ်, ယုယပါတယ်, ကျေးဇူးတုံ့ပြန်ဆပ်ချင်ပါတယ် အိုတာ, နာတာ, သေတာဖြင့် ကျွန်တော်တို့ မျက်မှောက်မှာ မတွေ့ပါရစေနဲ့, ကျွန်မတို့ မျက်မှောက်မှာ မတွေ့ပါရစေနဲ့ဆိုရင်, ဘာကိုဘဲ ခင်ဗျားတို့ သားသမီးများကလဲ တိုက်တွန်းနှိုးဆော်

www.dhammadownload.com



သကာလ, အလုပ်ခိုင်းရမယ်ဆိုတာလဲ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)။

ဘာများတွေ့ကြပါလိမ့်. . . (မဂ္ဂင်အလုပ် လုပ်ခိုင်းရမှာပါ)။ မဂ္ဂင်အလုပ်ပဲ တိုက်တွန်းရမယ်. . . (မှန်ပါ)။

အဲ့ဒါမှပဲ့တဲ့-မင်းတို့က မကယ်နိုင်တာ ကယ်နိုင်တယ်ထင်ပြီး, သကာလ, အားပေးနေတာက လွဲသကွ. . . (မှန်ပါ)။

ကယ်နိုင်တဲ့နည်း . ငါဘုရားသဗ္ဗညုတဉာဏ်တော်နဲ့ ရှာလိုက်တဲ့အခါ, အမေအိုတာကို သားတွေ, သမီးတွေက မကြည့်နိုင်ပါဘူးဆို, အမေမအိုရာအလုပ်လုပ်ဖို့ရာ ကိုယ်က တိုက်တွန်းရမယ်. . . (မှန်ပါ)။

အမေမအိုအောင် မနာအောင် မသေတဲ့နေရာကို သားသမီးများက တိုက်တွန်းပို့ရမယ်. . . (မှန်ပါ)။

သားသမီးတွေ အိုတာ-နာတာ-သေတာဖြင့် ကိုယ့်မျက်စိအောက်ဖြင့် မကြည့်ချင်ပါဘူး, စိတ်ကူးတောင် မထည့်ချင်ပါဘူး ဆိုလို့ရှိရင်လဲ, အမေအဖေက သားသမီးများကို ဘာခိုင်းရမှာလဲ. . . (မဂ္ဂင်အလုပ်, လုပ်ခိုင်းရမှာပါဘုရား)။ မဂ္ဂအလုပ် လုပ်ခိုင်းရမယ်ဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

အဲ့ဒါနင်တို့ လိမ္မာစေချင်လိုက်တာ, အင်း နင်တို့ကို

www.dhammadownload.com



ဖြင့် စိုးရိမ်လိုက်တာဆိုရင်, ဒါဘဲ တိုက်တွန်းကြပါ. . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်ဘုရား)။

အခုတော့ဖြင့် ဒကာ-ဒကာမတွေက ပြောနေတာ မကယ်နိုင်တဲ့ လောကွတ်စကားတွေသာ ပြောနေကြတယ်၊ သားသမီးက ပြန်ပြီးသကာလ ကျေးဇူးတုံ့ဆပ်ပြန်လဲ လောကီတွေသာဖြစ်ပြီး သကာလနေသောကြောင့် တကယ်ချစ်တကယ်ကြင်နာရာ ရောက်ပါရဲ့လားလို့မေးရင် အလုပ် မမှန်တဲ့အတွက် မရောက်တဲ့အဓိပ္ပါယ်ဘဲ ပြောရမယ်. . . (မှန်ပါ)။ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

## ယနေ့ကစပြီးတိုက်တွန်းပါ

ကိုင်း-ဒါဖြင့် ယနေ့ကစပြီးသကာလ, အမေကို အိုတာ-နာတာ-သေတာဟာ အကြီးဆုံးကိစ္စပေမို့ မကြည့်ချင်ပါဘူးဆိုရင် သားသမီးများက ဘာတိုက်တွန်းရမလဲ. . . (မဂ္ဂင်အလုပ် တိုက်တွန်းရမှာပါဘုရား)။ သဘောကျလား. . (ကျပါတယ်ဘုရား)။

သားသမီးတွေများ နင်တို့ငါ အိုမှု-နာမှု-သေမှုများ ငါတို့ရှေ့မျှောက်. ကြည့်ကိုမကြည့်ချင်ဘူးဟ၊ မအေမိဘတွေကပေါ့ဗျာ. . . (မှန်ပါ)။ အင်းမကြည့်ချင်လို့ရှိရင်ဖြင့် တွေ့ရ

www.dhammadownload.com



မှာဘဲ, မတွေ့ရတဲ့အလုပ်ခိုင်းကြ. . . (မှန်ပါ)။ မတွေ့ရတဲ့အလုပ်က ဘာပါလိမ့်. . . (မဂ္ဂင်အလုပ်ပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒါ မဂ္ဂင်လုပ်ခိုင်းတော့ ဒီသားသမီးလေးတွေလဲ မအို-မနာ-မသေရာနိဗ္ဗာန်ကြီး သူဖြင့်မရောက်တော့ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ရောက်တဲ့အခါကျတော့ သူမကြည့်ချင်တဲ့ကိစ္စ၊ မကြည့်ချင်တဲ့သဘော, မကြည့်ရတဲ့နေရာ ရောက်သွားခတော့ အင်းဒီဥစ္စာမှတို့ ချစ်ရိုး-ခင်ရိုး-ကြင်နာရိုး အမှန်ပါလား. . . (မှန်ပါ)။ ပေါ်လာကြလား. . . (ပေါ်လာပါဘုရား)။ ချစ်ရိုး, ခင်ရိုး, ကြင်နာရိုး အမှန်ကော သိကြပါပြီ. . . (သိပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတွေ မကယ်နိုင်ဟဲ့အလုပ်ကို နဖူးပေါ်လက်တင်ပြီး ညတွေးလုံးထုတ်ပြီး သကာလ မနေပါနဲ့တော့. . . (မှန်ပါ)။ ကယ်နိုင်တဲ့အလုပ်ကို အမေက အမေအဖေက သားသမီးကယ်နိုင်တဲ့အလုပ်ကိုသာလျှင် တိုက်တွန်းနှိုးဆော်ပြီးသကာလ သားသမီးများလဲ လုပ်ပါစေ . . . (မှန်ပါ)။

သားသမီးများကလဲ မအေမိဘကို တကယ်ကြင်နာပါတယ်, ယုယပါတယ်, တကယ်ကိုဘဲ ကျေးဇူးတုံ့ပြန်

www.dhammadownload.com



ဆပ်ချင်ပါတယ်, အဲ့ဒီအိုနာသေကြီးကိုဖြင့် မတွေ့စေချင်တာ အမှန်ပါဘဲလို့ သစ္စာဆိုကြလို့ရှိရင်လဲ မဂ္ဂင်အလုပ်ပဲ တိုက်တွန်းရမယ်. . . (မှန်ပါ)။

အဲ့ဒါဖြင့် သားသမီး အိုတာ, နာတာ, သေတာလဲ အမေမတွေ့ရတော့ဘူး. . . (မှန်ပါ)။ အမေအိုတာ နာတာ သေတာကိုလဲ သားသမီးများက. . . (မတွေ့ရတော့ပါ ဘုရား)။

ဒါဖြင့် ဒါအမွေအစစ်ပေးနည်းကို ဘုရားဟောတာ (မှန်ပါ)။ ဘယ်လိုများဟောပါလိမ့်. . . (အမွေအစစ် ပေးနည်းကို ဟောတာပါဘုရား)။ ရှင်းကြပါပြီ. . . (မှန်ပါ)။ အမွေအစစ်ပေးတတ်ကြပါပြီ. . . (ပေးတတ်ပါပြီဘုရား)။

အဲ့ဒါချစ်ရိုး, ခင်ရိုး, ကြင်နာရိုးသာမှန်လို့ရှိရင် ဒီအမွေ အစစ်ပေးရလိမ့်မယ်. . . (မှန်ပါ)။ သနားရိုးမှန်ရင်လဲ. . . (ဒီအမွေအနှစ်ပေးရမှာပါဘုရား)။ အဲ နင်တို့အတွက် ကျေးဇူးကို ငါသည် အများကြီး အလိုရှိတယ်ဆိုရင်ကော. . . (ဒီအမွေအနှစ်ပေးရမှာပါဘုရား)။ အဲ့,မဂ္ဂင်အလုပ်ပဲ, လုပ်ဖို့ တိုက်တွန်းရမယ်. . . (မှန်ပါ)။

မဂ္ဂင်သည်ကားလို့ဆိုရင် "နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ" နိဗ္ဗာနံ၊ မအိုရာ, မနာရာ, မသေရာဖြစ်တဲ့နိဗ္ဗာန်ကို။ ဂစ္ဆတိ၊ မရောက်, ရောက်အောင်ပို့တတ်၏။ ဣတိတသ္မာ ထို့ကြောင့်

www.dhammadownload.com



မဂ္ဂေါ မဂ္ဂင်မည်၏ဆိုတော့. . .

ခင်ဗျားတို့ ဖြစ်ပျက်ရှုနေတဲ့ မဂ္ဂင်ဟာဖြင့် အမေရှု လို့ရှိရင်လဲ အမေမအိုရာ မနာရာ မသေရာ ရောက်ပါတယ် (မှန်ပါ)။ သားသမီးရှုလို့ရှိရင်ကော. . . (မအိုရာ မနာရာ မသေရာ ရောက်ပါတယ်ဘုရား)။

ဩော် ဒီကျမှဘဲ ကေန်တွေ့ပြီ၊ တကယ်တွေ့ပြီ၊ ဘယ်နည်းနဲ့မှ တစ်ယောက်တစ်ယောက်ကို အင်းရှေးကဟာ တွေ အကုန်ဇာတ်သိမ်းပြီးသကာလ, အင်းမင်းလဲ အိုနာ သေရေး ဒုက္ခဘေးမှ ကင်းဝေးပြီ ငါတို့လဲ အိုနာသေရေး ဒုက္ခဘေးမှ ကင်းဝေးပြီဆိုပြီးသကာလ အဲ့ဒီမှာမှ ဒကာ- ဒကာမတို့ တကယ့်အမေကရုဏာ, အမေဖြဟ္မာ့ ဝိဟာရ တရား မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဆိုတာ မအေမိဘ ကလဲ သားသမီးအပေါ်မှာရှိတယ်၊ သားသမီးကလဲ မအေမိဘအပေါ်မှာ မေတ္တာကရုဏာမုဒိတာ ဥပေက္ခာ ဆိုတာ မရှိဘူးလား. . . (ရှိပါတယ်)။

အဲ့ဒီရှိတဲ့အလုပ် အထမြောက်အောင်ဖြင့် အင်း မအေမိဘကလဲ, သားသမီးမဂ္ဂင်အလုပ်လုပ်အောင် တိုက် တွန်းပါ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ် ဘုရား)။

အင်း သားသမီးများကလဲ ဘာလုပ်ရမလဲ. . .

www.dhammadownload.com



(မအေမိဘကို မဂ္ဂင်မလုပ်လုပ်အောင် တိုက်တွန်းရမှာပါ ဘုရား)။

## ကယ်နိုင်တဲ့အလုပ် လုပ်ကြပါစို့

အမေရှုပ်မနေနဲ့ ဒီကိစ္စကြီးတွေနဲ့ ခင်ဗျားတို့က ကျုပ်တို့အတွက်ကို ခင်ဗျားတို့က ပူမနေစမ်းပါနဲ့, ပူလို့လဲရတဲ့ အလုပ် မဟုတ်ပါဘူး၊ ဆိုပြီးသကာလ သားတွေသမီးတွေကလဲ အမေတို့ ကျုပ်တို့သည် ကားလို့ဆိုရင်ဖြင့်, ကယ်နိုင်တဲ့ အလုပ်လုပ်ကြပါစို့။

အလကားနေရင်း လောကွတ်တွေ နင့်ချစ်လိုက်တာ မပြောနဲ့တော့ နင်တို့မျက်စိအောက်က ငါအပျောက်ခံချင်တာ မဟုတ်ဘူးဆိုပြီး လောကွတ်တွေ လုပ်မနေပါနဲ့ဆိုတာ သတိပေးလိုက်ပါ. . . (မှန်ပါ)။ ပေးသင့်သလား. . . (ပေးသင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အခုဆရာဘုန်းကြီးတရားနာလို့ဘုရားဟောတရားတော်ကြီးကို, လက်တွေ့ ဟောနေတဲ့ ဆရာဘုန်းကြီးနဲ့ တွေ့တော့မှ ဩော်သူတို့ပြောနေတာတွေ အပိုတွေပါကလား. . . (မှန်ပါ)။ ကယ်နိုင်တဲ့အလုပ်ပြောတာ မဟုတ်ပါလား. . . (မှန်ပါ)။ မကယ်နိုင်တဲ့ လောကွတ်အလုပ်တွေ ပြောနေတာပါလား, သဘောကျလား. . .

www.dhammadownload.com



(ကျပါတယ်ဘုရား)။ အမေက လျှာရှည်နေရင် ဒီလိုပြောရမှာ. . . (မှန်ပါ)။

သားသမီးက လျှာရှည်နေလို့ရှိရင်လဲ မအေက တကယ်ချစ်ရိုး, ကြင်နာရိုးမှန်လို့ရှိရင်လဲ, မင်းမဂ္ဂင်အလုပ်လုပ်ပါ၊ မင်းအိုတာ မင်းနာတာ မင်းသေတာကိုဖြင့် ငါလုံးဝမကြည့်နိုင်တဲ့အတွက် သားသမီးများ မအေမိဘက မအိုရာ မနာရာမသေရာ ရောက်တဲ့လမ်းကိုဘဲ ညွှန်ပြပေးရမယ် (မှန်ပါ)။

ဒီကျတော့ဖြင့် စိတ်ရင်းမှန်ပြီလို့ ဆိုထိုက်ပြီလား. . . (ဆိုထိုက်ပါပြီဘုရား)။ ဒီပြင်ပြောဆိုနေတာတွေကတော့ဖြင့် လောကွတ်ချည်းမှတ်ပါ. . . (မှန်ပါ)။ ဘယ်လိုမှတ်ကြ. . . (လောကွတ်လို့မှတ်ရမှာပါဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။ ဒါဖြင့် သားသမီးလဲ နားထောင်တတ်ပါပြီ . . . (မှန်ပါ)။

အမေမိဘတွေလဲ ပြောတတ်ဆိုတတ်ပါပြီလို့ဆိုရင် ဒီတရားသိပ်အဖိုးတန်သွားပြီ. . . (တန်သွားပါဘုရား)။

ကဲ ဒီအထဲပြောတတ်ကြပါပြီ. . . (ပြောတတ်ပါပြီဘုရား)။ သားသမီးတွေကို အိုတာ-နာတာ-သေတာဆိုတဲ့ ကိစ္စကြီး, မတွေ့ချင်, မမြင်ချင်ကြရင် မအေမိဘက ဘာတိုက်တွန်းရမယ်. . . (ဝိပဿနာ မဂ္ဂင်အလုပ်, တိုက်တွန်းရမှာ

www.dhammadownload.com



ပါဘုရား)။ အဲ ဝိပဿနာမဂ္ဂင်အလုပ်ကိုဘဲ တိုက်တွန်းရမယ်နော်. . . (မှန်ပါ)။

အမေမိဘတွေ အိုတာ-နာတာ-သေတာကိုလဲ. မကယ်နိုင်တာကိုလဲ သိပြီးသားဖြစ်နေလို့ ကယ်နိုင်တဲ့နည်း အစစ်ကို တကယ်သားသမီးများက တကယ့်မေတ္တာတုံ့ပြန်ခဲ့သော်လည်း ဘာတိုက်တွန်းရမလဲ. . . (ဝိပဿနာမဂ္ဂင် အလုပ် လုပ်ဖို့ တိုက်တွန်းရမှာပါဘုရား)။

ဝိပဿနာမဂ္ဂင်အလုပ်ပဲ တိုက်တွန်းနှိုးဆော်ရမယ်ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အသားလှူ၊ အရိုးလှူ၊ အသွေးလှူလို့ရတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တော့ဩော်-သူတို့ ကယ်နေတာကလဲ အကယ်မရောက်ပါလား. . . (မှန်ပါ)။ မောင်နိုင်. ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

သူတို့ပြောဆိုနေတဲ့ ကယ်ယူလုံးတွေဟာလဲ ကယ်ယူတဲ့ဖာမိပ္ပါယ်မျိုး အသေအချာ ရောက်ပါရဲ့လား. . . (မရောက်ပါဘုရား)။

ဩော် အမေကလဲ သားသမီးအပေါ် ဘာလုပ်နေတာပါလိမ့်မတုံးဆိုတော့ သူ့တတ်သလောက်နဲ့ လောကွတ်လုပ်နေတာ. . . (မှန်ပါ). . . သဘောပါလား (ပါပါတယ်ဘုရား)။

www.dhammadownload.com



သားသမီးများကလဲ ဘာပူစရာရှိသလဲ အေးအေးသာ ထိုင်နေကြစမ်းပါ၊ ကျုပ်တို့ရှာကျွေးပါ့မယ်လို့ဆိုတော့လဲ အိုတာ-နာတာ-သေတာ တတ်နိုင်ကြရဲ့လား. . . (မတတ်နိုင်ပါဘုရား)။ အင်း-ဒါဖြင့် သားသမီးများက, လိမ္မာတဲ့သားသမီးကပြောလဲ လောကွတ်ပဲရှိသေးတယ်. . . (မှန်ပါ)။

ဒါဖြင့် လောကွတ်မဟုတ်တဲ့ တစ်ခါတည်း စိတ်ရောကိုယ်ပါဆိုတာ လုပ်ကြပါ. . . (မှန်ပါ)။ လောကွတ်ဆိုတာ အပေါ်ယံ မဟုတ်လား. . . (မှန်ပါ)။ တတ်နိုင်လို့ပြောတာလား, မတတ်နိုင်ဘဲနဲ့ ပြောနေတာလား. . . (မတတ်နိုင်ဘဲနဲ့ ပြောနေတာပါ)။

## လောကွတ်အလုပ်ကိုရှောင်ကြပါစို့

မတတ်နိုင်ဘဲနဲ့ ပြောနေတဲ့ လောကွတ်အလုပ်ကို အမေကလဲရှောင်၊ သားသမီးများကလဲ. . . (ရှောင်ရမှာပါဘုရား)။ ရှောင်ပြီးသကာလ ကဲ-ကျွန်တော်ကလဲ လောကွတ်မဟုတ်တော့ဘူး၊ တကယ်တမ်းဘဲ၊ မအေမိဘကလဲ ငါတို့ကလဲ လောကွတ်မဟုတ်တော့ဘူး၊ တကယ်တမ်းဘဲ ဆိုရင်ဖြင့် ဒါဘဲ ဒကာ-ဒကာမတို့ မအိုရာ, မနာရာ, မသေရာ ..းတတ်တဲ့ အလုပ်လုပ်ကြ, သားသမီးများကိုလဲ တိုက်တွန်း

www.dhammadownload.com



ကိုယ့်ကိုယ်တိုင်လဲ လုပ်လို့ရှိရင်ဖြင့် ဒါကယ်နိုင်တဲ့ အလုပ်ချည်း မှတ်လိုက်ကြ. . . (မှန်ပါ)။ ဘယ်လိုမှတ်လိုက်ကြ. . . (ကယ်နိုင်တဲ့အလုပ်လို့ မှတ်ရမှာပါဘုရား)။ သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ အခုတောဖြင့် ငါတို့က နင်တို့ကို ကလေးသူငယ် သူငယ် နှပ်စားလေးမှတ်ပြီး သကာလနင်တို့ လူပျိုဖြစ်နေပေမဲ့, သားနဲ့မယားနဲ့ နေကြပေမဲ့ ငါတို့စိတ်ထဲတော့ သူငယ်နှပ်စားလောက်ပဲ စိတ် ထဲရှိသေးတယ် လူကလေးဘဲ ရှိသေးတယ်ပေါ့ဗျာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

မအေမိဘက ဒီလောတ်ထိအောင် မယုယဘူးလား . . . (ယုယပါတယ်ဘုရား)။ ယုယပေမဲ့လဲ လူကလေးဘဲ ရှိသေးတယ်ပြောတော့ ပြောတာဘဲ ရှိတာဘဲ. . . (မှန်ပါ)။ သူ့စိတ်ကူးထဲမှာသာ ပြောတာဖြစ်တာဘဲ တားဆီးနိုင်ရဲ့လား. . . (မတားဆီးနိုင်ပါဘုရား)။

မတားဆီးနိုင်လို့ရှိရင်, တားဆီးနိုင်တဲ့အမွေကို ပေးလိုက်စမ်းပါ (မှန်ပါ)။ ဘာပါလိမ့်. . . (မဂ္ဂင်ရှစ်ပါးပါဘုရား)။ မဂ္ဂင်ရှစ်ပါးဆိုတာ, သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ တစ်ယောက်နဲ့

www.dhammadownload.com



တစ်ယောက် လောကွတ်ချော်နေတဲ့ အလုပ်တွေကို ခင်ဗျား တို့ဖြင့် လုပ်မနေကြစမ်းပါနဲ့ တကယ်စိတ်ကောင်း စေတနာ ကောင်းနဲ့ တကယ်စွမ်းဆောင်နိုင်တာ လုပ်ကြစမ်းပါ. . . (မှန်ပါ)။ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဘာနဲ့ တိုက်တွန်းကြမလဲ. . . (မဂ္ဂင်နဲ့ တိုက်တွန်းရ မှာပါဘုရား)။ အင်း-ဒါကဖြင့် သားသမီးအိုတာ-နာတာ-သေ တာကိုလဲ, မအေမိဘက, တတ်နိုင်တဲ့ တိုက်တွန်းလုံး၊ မအေ မိဘကအိုတာ-နာတာ-သေတာကိုလဲ သားသမီးများက တတ်နိုင်တဲ့နည်းဘဲဆိုတာဖြင့် ယနေ့ ကောင်း‌ကောင်းတွေ့ ပါပြီ. . . (တွေ့ပါပြီဘုရား)။ မတွေ့ကြသေးဘူးလား. . . (တွေ့ပါပြီဘုရား)။

တွေ့လို့ရှိရင် ဒါခင်ဗျားတို့ ဘုရားဟောတာဆိုတာကို ရောသဘောကျလား. . . (ကျပါတယ်ဘုရား)။ ဟုတ်ကော ဟုတ်ပါရဲ့လားဆိုတာကိုလဲ ဆုံးဖြတ်ချက်ချပါဦး. . . (ဟုတ်ပါတယ်ဘုရား)။ တကယ်တမ်းကော ဟုတ်ပါတယ် ဆိုတာငြင်းဖို့လိုသေးလား. . . (မလိုတော့ပါဘုရား)။

အဲ့ဒီတော့ ခင်ဗျားတို့ လက်ဆုံကြပြီး စကားပြောနေ တဲ့အလုပ်တွေဟာဖြင့် တဏှာက ပြောနေတာ, အခုက ဉာဏ် ကပြောတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲ-သားနဲ့သမီးနဲ့များ တစ်ခါတည်း ဓါတ်မီးအောက်

www.dhammadownload.com



မှာ, ရှေးရေးနောက်ရေးတွေ ပြောပြီး သကာလ, အမေကလဲ သားသမီးအပေါ်မှာ မေတ္တာထားပုံတွေ, သားသမီးများကလဲ လိမ္မာတဲ့သားသမီးတွေက မအေမိဘအပေါ်မှာ မေတ္တာ ကရုဏာထားပုံတွေများ ဓါတ်မီးအောက်မှာ ခေါင်းချင်း ဆိုင်ပြီး သကာလများ, တစ်ယောက်နဲ့တစ်ယောက် လွမ်း မနေကြစမ်းပါနဲ့ ဆိုတာပြောတယ်. . . (မှန်ပါ)။

ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ခင်ဗျားတို့က တစ်ယောက်တစ်ယောက် လွမ်းနေတာ, ဟုတ်တာလဲ မဟုတ် ဘဲနဲ့. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။ အပို တွေ လုပ်မနေပါနဲ့ဆိုတာကော သဘောကျလား. . (ကျပါ တယ်)။

ကိုင်း-ဒါဖြင့် ဘာလုပ်ကြမတုံး. . . (မဂ္ဂင်အလုပ် လုပ်ရမှာပါ)။ သားသမီးကလဲ မအေမိဘကို ဘာတိုက်တွန်း ရမလဲ. . . (မဂ္ဂင်အလုပ် တိုက်တွန်းရပါ့မယ်)။ မအေမိဘက လဲ သားသမီးများကို. . . (မဂ္ဂင်အလုပ် တိုက်တွန်းရပါမယ်)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ လိုရာကိစ္စ လိုရာ ခရီး အပြီးရောက်တဲ့ အင်း-တိုက်တွန်းလုံး အစစ်အမှန်ဖြစ်ပြီး သကာလနေတယ်ဆိုတာဖြင့် မငြင်းမဆန်နဲ့ ဘုရားသခင် ?သ်တော်မြတ်ကြီးက သစ္စာဉာဏ်နဲ့ ပြောလိုက်တဲ့အတွက်

www.dhammadownload.com



ဒါအမှန်ဘဲလို့ မှတ်ပါ။ (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

မငြင်းမဆန် သစ္စာဉာဏ်နဲ့ ပြောလိုက်တာ ဒီဥစ္စာ မမှန်လား. . . (မှန်ပါတယ်ဘုရား)။ ကိုင်း. . . တိုက်တွန်း တတ်ကြပြီလား. . . (တိုက်တွန်းတတ်ပါပြီဘုရား)။ ဆုံးမ တတ်ကြပြီလား. . . (ဆုံးမတတ်ပါပြီဘုရား)။ သွန်သင် တတ်ကြပြီလား. . . (သွန်သင်တတ်ပါပြီဘုရား)။ ဒါဖြင့် ဘယ်လိုသွန်သင်ကြမလဲ. . . (မဂ္ဂင်အလုပ်, လုပ်ခိုင်းရမှာ ပါ)။

ချစ်ရိုး-ခင်ရိုး-ကြင်နာရိုးမှန်ခဲ့သော်. . . မဂ္ဂင်အလုပ် လုပ်ခိုင်းရမှာပါ)။ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

အဲ့ဒါ အကောင်းဆုံးနည်းဘဲ၊ ဒီပြင်ဆို ဆေးခွက် ကိုင်ပြီး, ငိုရမည့်ကိစ္စချည်း ခင်ဗျားတို့ အားပေးနေရာ ရောက်တယ်. . . (မှန်ပါ)။ ဟုတ်လား အမေအဖေ မမာ သားတွေသမီးတွေက အင်မတန်ကြင်နာယုယပြီး သကာလ နေတော့ ဆေးရှာကြ, ဝါးရှာကြ. ဒီဆေးလေးတိုက်လိုက် ဟိုဆေးလေးတိုက်လိုက်နဲ့ပြီးတော့ တတ်နိုင်ကြရဲ့လား. . . (မတတ်နိုင်ပါဘုရား)။

www.dhammadownload.com



## တရားမှန်တွေ့ပါပြီ

အင်း - မတတ်နိုင်တဲ့အလုပ်နဲ့ လောကွတ်လုပ် မနေပါနဲ့ဆိုတာကိုရော, ယနေ့သဘောကျပါပြီလား. . . (ကျပါဘုရား)။

ကဲ-ဒါဖြင့် တတ်နိုင်တဲ့အလုပ်ကို ဘုရားသဗ္ဗညုတဉာဏ်နဲ့ ရှာလိုက်တဲ့အခါ မတွေ့လား. . . (တွေ့ပါတယ်ဘုရား)။ တွေ့တဲ့အခါကြတော့ ဘာတွေတုံး. . . (မဂ္ဂင်ရှစ်ပါးတွေ့ပါတယ်)။

အင်း-အမေလဲ မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးကနေ လျှောက်သွားလို့ မအို-မနာ-မသေ အမြဲနေတဲ့ နိဗ္ဗာန်ရောက်သွား၊ သားသမီးတိုက်တွန်းလိုက်ပြန်တော့လဲ သားသမီးတွေက ဒီအတိုင်း လုပ်ပြန်တော့ မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးကနေ လျှောက်သွားတော့ မအို, မနာ, မသေတဲ့ နိဗ္ဗာန်ကြီး ရောက်မသွားဘူးလား. . . (ရောက်သွားပါတယ်ဘုရား)။

သြော်-ဒါမှ ချစ်ရိုး, ခင်ရိုး, ကြင်နာရိုး အမှန်လို့ မှတ်လိုက်စမ်းပါ။ (မှန်ပါ)။ သဘောပါကြလား၊ (ပါပါတယ်ဘုရား) ချစ်ရိုး, ခင်ရိုး, ကြင်နာရိုး အမှန်ကဖြင့် တိုက်တွန်းမှု ပြောင်းပေးကြပါနော်. . . (မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒကာ-ဒကာမတို့ ဒါကရှေ့ပိုင်းမှာ

www.dhammadownload.com



ဒကာ-ဒကာမတို့ မဂ္ဂင်သာအားကိုးရာရှိတော့တယ်။ သားချစ် လဲ အင်း မဂ္ဂင်နဲ့တိုက်တွန်း၊ အမေအဖေကို ပြန်ပြီးသကာလ ကြွင်နာပါတယ်, ယုယပါတယ်ဆိုလဲ ဘာတိုက်တွန်းရ. . . (မဂ္ဂင်နဲ့တိုက်တွန်းရပ့ါမယ်)။

ကိုင်း - ကိုမောင်နိုင်တို့၊ ကိုမြင့်တို့ တရားမှန် တွေ့ ပါပြီ၊ (တွေ့ပါပြီဘုရား)။ မတွေ့ကြသေးဘူးလား. . . (တွေ့ ပါပြီဘုရား)။ တရားမှန် အသေအချာတွေ့ပြီ ဒကာဒကာမတို့ ဘာမှ သံသယရှိဖို့ လိုသေးလား. . . (မလိုပါဘုရား)။ မလိုတော့ပါဘူး။

## ပြောမယ်ကြံရင်စဉ်းစားပါ

သြော်ဟုတ်ပါလား, တို့ပြောဆိုနေတာတွေကတော့ ဖြင့် အပေါ်ယံတင်, ခရီးမပေါက်တာတွေကို တကယ်တမ်း အဟုတ်လုပ်ပြီး တို့ပြောနေတာပါလားဆိုတာဖြင့် သေသေ ချာချာ ပြောမယ်ကြံရင်လဲ, စဉ်းစားပါတော့. . . (မှန်ပါ)။ ပြောမယ်ကြံရင် ဘယ့်နှယ်တုံး. . . (စဉ်းစားရပ့ါမယ်)။

ဟာ ငါလောကွတ်လုပ်မလို့လား၊ မအေမိဘက. . . (မှန်ပါ)။ [illegible]းသမီးများကလဲ အမေအဖေကို ကျေးဇူးတုံ့ပြန် ဆပ်ချင်တဲ့သဘော ပြောလို့ ဟာ ဘာယူလာတယ် ဘာဝယ်ခဲ့ တယ် ဟာဘယ်လိုပူဇော်မလို. ဘယ်လိုကန်တော့မလို့ ဆိုတာ

www.dhammadownload.com



ယဲ ဒကာ-ဒကာမတို့ ဒါ-အင်း-တကယ်တတ်နိုင်တဲ့ ကိစ္စမျိုးလားလို့ မေးပြန်တော့လဲ ဘယ်လိုဖြေကြမလဲ. . . (မဟုတ်ပါဘုရား)။ အင်း. . . လောကွတ်မျှလောက်ပဲ ရှိသေးတယ်. . . (မှန်ပါ)။

"မာတာပိတုဥပဋ္ဌာနံ" ဆိုတဲ့ မင်္ဂလာတရားဘဲ ရှိသေးတယ်. . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်ဘုရား)

ဧတံ မင်္ဂလမုတ္တမံ ဆိုတာမြောက်တော့ မြောက်ပါတယ်တဲ့ မိဘက သားသမီးယုယ, သားသမီးက မအေမိဘယုယတာတွေ မင်္ဂလာတရားတော့ ဟုတ်ပါတယ်၊ တကယ်တမ်း တတ်နိုင်သလားလို့ မေးလိုက်တဲ့အခါကျတော့ မဟုတ်သေးဘူး. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။ ဒါဖြင့် မအေမိဘကလဲ သားသမီးကို သွန်သင်တတ်ပါပြီ. . . (မှန်ပါ)။

သားသမီးကလဲ မအေမိဘကို အားပေးတတ်ကြပါပြီလားလို့ မေးရင် (အားပေးတတ်ကြပါပြီဘုရား)။ အားပေးတတ်ပြီဆိုတာ သဘောပါလား၊ (ပါပါတယ်ဘုရား)။

အင်း-နို့မို့လို့ရှိရင် ဒီနည်းနဲ့ဒီနည်းမှ အမေကလဲ ဒီနည်းမကိုင်ဘဲနဲ့ အမေအဖေကလဲ မဂ္ဂင်နည်းမကိုင်, သားသမီးကလဲ မဂ္ဂင်နည်းမကိုင်ပြီးသကာလ, အားပေးမှု ထောက်ပံ့မှုမလုပ်ခဲ့သည် ရှိသော်, အမေသေလို့ သားသမီး

www.dhammadownload.com



ငိုရမှာတွေလဲ မနည်းလှပါဘူး. . . (မှန်ပါ)။ သား သမီး သေလို့ အမေငိုရမည့် အမေအဖေငိုရမည့် အချက်တွေ ကော. . . (မနည်းလှပါဘုရား)။

## လိုရင်းမလုပ်မိလို့

အဲဒါ လိုရင်းမလုပ်မိလို့လို့ မှတ်လိုက်ပါ. . . (မှန်ပါ)။ ဘယ်လိုမှတ်ကြ. . . (လိုရင်းမလုပ်မိလို့ပါ)။ လောကွတ်တွေနဲ့ အချိန်ကုန်ခဲ့လို့ မျက်ရည်နဲ့ လမ်းဆုံးရတယ်. . . (မှန်ပါ)။ ဘယ်လိုမှတ်ကြမလဲ. . . (မျက်ရည်နဲ့ လမ်းဆုံးရပါတယ်)။ ရှင်းကြပါကလား. . . (ရှင်းပါတယ်)။

ဘယ့်နှယ်တုံး ဘာ့ကြောင့် မျက်ရည်နဲ့ လမ်းဆုံး ရတာလဲ. . . (လောကွတ်တွေကြောင့် မျက်ရည်နဲ့ လမ်းဆုံး ရတာပါ)။

လောကွတ်တွေနဲ့ ခင်ဗျားတို့ အပြောများပြီးသကာလ. လိုရင်းမပါတဲ့အတွက် နောက်ဆုံးပိတ် သားသေလို့ အမေငိုတယ်၊ သားသမီးသေတော့ အမေအဖေငိုရတယ်၊ အမေအဖေသေလို့ သားသမီးမျက်ရည်စက်လက်ထွက်ကြ ရတယ်ဆိုတဲ့ဥစ္စာ၊ အင်း နဂိုက လောကွတ်ဇာတ်ဟာ ဒီမှာ သိမ်းတယ်. . . (မှန်ပါ)။

www.dhammadownload.com



ဘယ်လိုမှတ်ကြမလဲ. . . (လောကွတ်ဇာတ် မျက်ရည်မှာ သိမ်းတယ်မှတ်ရပါမယ်)။ လောကွတ်ဇာတ် မျက်ရည်မှာ ဇာတ်သိမ်းတယ်. . . (မှန်ပါ)။ ဒကာ-ဒကာမ တို့ လောကွတ်ဇာတ်က. . . (မျက်ရည်မှာ ဇာတ်သိမ်းပါ တယ်ဘုရား)။ ရှင်းပါရဲ့လား. . . (ရှင်းပါတယ်ဘုရား)။ လောကွတ်ဇာတ်ကဖြင့်. . . (မျက်ရည်မှာ ဇာတ်သိမ်းပါ တယ်)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ ကျေကျေနပ်နပ် သဘောကျကြ ပါတော့. . . (ကျပါတယ်)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ နှုတ်ကထွက်တတ်ကြပြီလား. . . (ထွက်တတ်ပါပြီဘုရား)။ အေး-ထွက်တတ်အောင်ထွက်ပါ။

ကိုင်း-ဒါဖြင့် သင်ကြပါစို့ ဒကာ-ဒကာမတို့ သင်ကြ ပါစို့တဲ့ ဘယ်လိုသင်ကြတုံး ကိုင်း-သားသမီးများကလဲ ဘယ်လိုလုပ်ရမတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်) အမေတို့က ကျွန်တော်တို့ကို အိုမှာ, နာမှာ, သေမှာစိုးရိမ် တယ်။ ကျွန်တော်တို့အတွက် မျက်ရည်မထွက်ရအောင် သားသမီးများကလဲ ကျွန်တော်တို့ ဒါလုပ်တော့မယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

မအေမိဘတွေကလဲ နင်တို့သားသမီးတွေ မျက်ရည် ကြီးငယ်ကျတာ ငါမကြည့်နိုင်ဘူးဆိုပြီး ငါမအိုရာ, မနာရာ,

www.dhammadownload.com



မသေရာ ငါအရောက်လုပ်လိုက်မယ်, နင်တို့ ငါအိုတာ, ငါနာတာ, ငါသေလို့ရှိရင် နင်တို့မျက်ရည် ကျလိမ့်မယ်။ နင်တို့ မျက်ရည်ကျတာလဲ ငါအကြည့်မခံနိုင်ဘူး. . . (မှန်ပါ)။ ငါမအိုရာ, မနာရာ, မသေရာကိုဘဲ ငါအရောက်လုပ်မယ်လို့ တကယ်ခင်ဗျားတို့ စိတ်အားတင်းပြီးသကာလ လုပ်ကြမယ် ဆိုလို့ရှိရင်ဖြင့် တကယ်ချစ်ရာခင်ရာ သားသမီးများရဲ့ မျက်ရည်ကျမှုကိုလည်း ဇာတ်သိမ်းပေးရာရောက်မယ်. . . (မှန်ပါ)။

သားသမီးများကလဲ မအေမိဘမျက်ရည်ကျမှုကို ကိုယ်ကိုယ်တိုင်က လုပ်ပြီးသကာလ မအိုရာ, မနာရာ, မသေရာ သွားလိုက်မယ်ဆိုရင်, မအေမိဘရဲ့ မျက်ရည်ကို ဇာတ်သိမ်းပေးရာလဲ ရောက်မယ်. . . (မှန်ပါ)။

မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။ သဘောပါကြသလား. . . (ပါပါတယ်ဘုရား)။

ဒါ-ဘုန်းကြီးက တကယ့်တရားမှန် တရားစစ်ကို ပြောတဲ့အတွက် ခင်ဗျားတို့က မျက်ရည်ကျတဲ့ဇာတ်ကို သောကပရိဒေဝ ရေလူးမြေလူးဆိုတဲ့ ဇာတ်တွေသိမ်းစေ ချင်လွန်းလို့ အမေလဲသိမ်း၊ အမေအဖေလဲသိမ်း၊ သားသမီးလဲ သိမ်းတဲ့ဉစ္စာဖြင့် ချစ်ရိုး, ခင်ရိုး, ကြင်နာရိုး အမှန်ကဖြင့် ဒကာ-ဒကာမတို့ ဒီလမ်းနဲ့ ဒီစခန်းမှတစ်ပါး လွှဲစရာ

www.dhammadownload.com



မရှိအောင် (မှန်နေတယ်) သဘောပါကြလား. . . (ပါပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ပြောနေတဲ့ လောကွတ်တွေအပိုဘဲ ဆိုတာကော. . . (သဘောကျပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါဘုရား)။ ပြောမိကြသေးလား. . (ပြောမိပါတယ်)။ အင်း-ပြောမိရင်ဖျက်ပါ့ဗျား၊ သဘောကျပြီလား. . . (ကျပါဘုရား)။ ပြောမိရင် ဘယ့်နှယ့်တုံး. . . (ဖျက်ရမှာပါ)

ဖျက်ရမယ်, ဘာဖြစ်လို့, မဟုတ်တာပြောမိလို့. . . (မှန်ပါ)။ ဘယ့်နှယ်ကြောင့် ဖျက်ခိုင်းတာပါလိမ့်. . . (မဟုတ်တာပြောမိလို့ပါဘုရား)။

မဟုတ်တာပြောမိလို့ဆိုတော့ အခုတော့ဖြင့် သားသမီးများကလဲ မအေမိဘ ပြောတဲ့စကားရိပ်မိပြီ. . . (မှန်ပါ)။ မရိပ်မိသေးဘူးလား၊ (ရိပ်မိပါဘုရား)။

အင်း-ဒါလမ်းမမှန်သေးဘူး, အခုပြောနေတာ မအေမိဘက သားသမီးပြောတာလဲ သားသမီးများက အင်း လမ်းမမှန်သေးပါဘူးဆိုတာ ရွေးတတ်ပါပြီ. . . (မှန်ပါ)။

အင်း-သားသမီးများက မအေမိဘကို အလွမ်းဖြေပြောနေပြန်လို့ရှိရင်လဲ လမ်းမမှန်သေးပါဘူး ဆိုတာကော. .

www.dhammadownload.com



(ပြောတတ်ပါပြီဘုရား)။ ပြောတတ်ပြီမဟုတ်လား. . . (မှန်ပါ)။

ကိုင်း - ဒီကရှေ့ မင်းလဲလောကွတ်မလုပ်နဲ့, မင်းတို့ သားသမီးတွေကလဲ တို့မအေမိဘအပေါ် လောကွတ်မလုပ်နဲ့ကွာ, ငါတို့ကလဲ မင်းတို့အပေါ် လောကွတ်မလုပ်တော့ဘူးဟေ့ မင်းတို့လဲ မဂ္ဂင်အလုပ်လုပ် ငါတို့လဲ မဂ္ဂင်အလုပ်လုပ်မယ် မင်းတို့မဂ္ဂင်အလုပ်လုပ်လို့ရှိရင် ငါတို့မျက်ရည်သိမ်းပေးတာနဲ့ အတူတူပဲလို့ မအေမိဘက ပြောစမ်း. . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်ဘုရား)။

## နှစ်ဦးနှစ်ဝကျေးဇူးများပါတယ်

သားသမီးများကလဲ ကျွန်တော်တို့ ဒီအလုပ် လုပ်ပါမယ်ဆိုလို့ရှိရင် လုပ်ဖြစ်အောင် လုပ်တော့မယ်ဆို မအေမိဘမျက်ရည်သိမ်းပေးတာဘဲ (မှန်ပါ)။ သဘောကျလား. . . (ကျပါဘုရား)။

ဒါဖြင့် နှစ်ဦးနှစ်ဝ အင်မတန်ကျေးဇူးများလာတဲ့ သဘောရောက်, မရောက်. . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သားသမီးများကလဲ ဘာလုပ်ပါ့မယ်ဆိုတာကို ကော ဝန်ခံဖို့ကောင်းလဲ. . . (ဝိပဿနာ မဂ္ဂင်အလုပ် လုပ်ပါ့မယ်လို့) ဝန်ခံဖို့ကောင်းတယ်. . . (မှန်ပါ)။

www.dhammadownload.com



အမေ မိဘတွေကလဲ တို့လဲ မင်းတို့အတွက် မငိုရအောင် မင်းတို့မငိုရအောင် ငါဇာတ်သိမ်းပါမယ်ဆိုတဲ့ အလုပ်ကို မအေမိဘတွေက (မှန်ပါ)။ အားတင်းပြီးလုပ်ဖို့ မကောင်းဘူးလား. . . (ကောင်းပါတယ်)။

ကဲ ကိုယ့်သားသမီး ကိုယ့်မျက်စိအောက်မှာ လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနဲ ငိုပွဲဆင်မှာကို. . . (မှန်ပါ)။ မအေမိဘကကော ခင်ဗျားတို့က သေသွားလို့ကြည့်လို့ကောင်းရဲ့လား. . . ကျန်တဲ့ပုဂ္ဂိုလ်. . . (မကောင်းပါဘုရား)။

အင်း - ဒါဖြင့် မင်းတို့ငိုပွဲဆင်တာကိုလဲ ငါမဆင်ရအောင် လုပ်ပါ့မယ်ဆိုတော့ သူတို့မျက်ရည်ကို ခင်ဗျားတို့က လက်ကိုင်ပုဝါနဲ့ သုတ်ပေးတာမဟုတ်ဘူး, ထွက်ကိုမထွက်ဘူး. . . (မှန်ပါ)။ ရိပ်မိပြီလား၊ (ရိပ်မိပါဘုရား)။

လက်ကိုင်ပုဝါနဲ့ သုတ်တာလား, ထွက်ကို မထွက်ရတဲ့နည်းလား. . . (ထွက်ကိုမထွက်ရတဲ့နည်းပါ)။ ကဲ-ဒါဖြင့် တော်တော်ကောင်းတဲ့အလုပ်ပဲ. . . (မှန်ပါ)။

ဘုရား သဗ္ဗညုတဉာဏ်နဲ့ ပြောလိုက်တော့ ဒကာ ဒကာမတွေ အင်မတန်ရှင်းပြီး, အင်မတန်လင်းတဲ့ အဓိပ္ပါယ်ဟာဖြင့် ပြောစရာမရှိတော့ဘူး . . . (မှန်ပါ)။ သဘောပါလား . . . (ပါ, ပါဘုရား)။

www.dhammadownload.com



ဆုံးမတတ်ကြပြီနော် . . . (မှန်ပါ)၊ သွန်သင်တတ်ကြပြီ. . . (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် နေရာကျပြီ၊ ဒကာ ဒကာမတို့ ဒါဖြင့် မဂ္ဂင်အလုပ်ကို ဘုန်းကြီးများကရော, ဘုရားသခင်ကရော, ကွာတဲ့, မဂ္ဂင်မှတစ်ပါး, အမေက သားသမီးကယ်နိုင်တာမရှိဘူး, သားသမီးက အမေကယ်ယူနိုင်တာမရှိဘူးဆိုတာဖြင့် အခုတရားမှာ ကောင်းကောင်းသေချာသွားပြီ (မှန်ပါ)၊ သဘောကျလား . . . (ကျပါဘုရား)။

သားသမီးက အမေကယ်ချင်လို့ရှိရင်လဲ မဂ္ဂင်ဘက်ရောက်အောင် တိုက်တွန်းရမယ် . . . (မှန်ပါ)။ အမေ အဖေက သားသမီး တိုက်တွန်းချင်လဲ, ကယ်ယူနိုင်တဲ့နည်းလဲ မဂ္ဂင်နည်း၊ သားသမီးက မအေမိဘ ကျေးဇူးဆပ်တဲ့နည်းကကော . . . (မဂ္ဂင်နည်းပါဘုရား)။

မဂ္ဂင်အလုပ်, ပွားနည်းရှုနည်းမှတစ်ပါး ဘာမှမရှိဘူးဆိုတာ သဘောကျလား . . . (ကျပါတယ်ဘုရား)။

ဤအတိုင်း ဖင်မ, ခေါင်းမ,နေလို့ အပိုဘဲလို့သာ မှတ်စမ်းပါ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါဘုရား)။

အင်း - ဒါလေး တစ်ခါတည်း ဒကာ ဒကာမတွေ စီးပွားရေးကလေးတွေနဲ့မလိုက်, အဝတ်ကလေးတွေနဲ့ မလိုက်, ဟုတ်လား အရင်းလေးထုတ်ပေးထားလိုက်, အင်း

www.dhammadownload.com



တော်ကြာအရင်းထုတ်ပေးရင်းနဲ့ အိုပွဲ၊ နာပွဲ, ဆင်နေတာပဲ (မှန်ပါ)။ မဆင်ဘူးလား, ဆင်လား . . . (ဆင်ပါတယ် ဘုရား)။

ကိုင်း-ဒါဖြင့် ဒီအတိုင်းတော်ပါ့မလား (မတော်ပါ ဘုရား)။ ဩော် မအေမိဘတွေကို သက်ကြီးအိုမတွေမို့ ထိုက်တန်တဲ့ အဝတ်တွေဆင်ပြီးသကာလ, ထိုက်တန်တဲ့ အစားအသောက် တွေကျွေးနေကြ, တော်ကြာ၊ သူ အိုပွဲ, နာပွဲကြီးသွားကြည့်မိလျက်, ကြည့်ရဦးမှာပဲဆိုတာကို ငြင်းဖို့ လိုသေးလား. . . (မလိုပါဘူး)။ ကဲသဘောပါကြလား. . . (ပါ-ပါတယ်)။

ကဲ-ဒါဖြင့် ဒကာ-ဒကာတို့ အမေလဲ ဒီနည်းယှူပါ, သားသမီးလဲ ဒီနည်းယှူပါဆိုတာ ဘုရားကတော့ဖြင့် ဟောပြီ . . . (မှန်ပါ)။ မဂ္ဂင်အလုပ်ကို သူသင်တော့မှာပေါ့. . . (မှန်ပါ)။ မောင်နိုင် ဘာသင်ရမှာလဲ. . . (မဂ္ဂင်အလုပ်ကို သင်ရမှာပါ)။

မဂ္ဂင်အလုပ်သင်ရတော့မယ်ဆိုတော့ ဒကာ-ဒကာမတို့ မဂ္ဂင်အလုပ်သည်ကားလို့ဆိုရင် သားသမီးချည်း လုပ်ထိုက်တဲ့အလုပ်လည်းဟုတ်၏၊ သားသမီးချည်း လုပ်ထိုက်တဲ့အလုပ်ကော. . . (ဟုတ်ပါတယ်)။ မအေမိဘချည်း လုပ်ထိုက်တဲ့အလုပ်ကော . . . (ဟုတ်ပါတယ်)။ ဒါကို

www.dhammadownload.com



ဘုရားကသိစေချင်တယ်. . . (မှန်ပါ)။

ဪ် သားသမီးများ ချစ်ပါတယ် ခင်ပါတယ်ဆိုလို့ ရှိရင် မအေမိဘ လုပ်ထိုက်တဲ့အလုပ်ပေါ် လာပြီ. . . (မှန်ပါ)၊ သားသမီးများလဲ မအေမိဘ ချစ်ပါတယ်, ခင်ပါတယ်ဆိုလို့ ရှိရင်, အမေမိဘ မျက်ရည်ဇာတ်သိမ်းတဲ့ အလုပ်ဟာ မဂ္ဂင်အလုပ်ပဲ. . . (မှန်ပါ)။ ဆိုနိုင်ကြလား . . . (ဆိုနိုင်ပါဘုရား)။

အဲ့ဒါ ယနေ့ သဘောပါကျပလား . . . (ပါ-, ပါဘုရား)။ ဒါဖြင့် မောင်နဲ့နှမ ဇာတ်သိမ်းတာလဲ ဒါပေါ့ဗျာ . . . (မှန်ပါ)။ လင်နဲ့မယား ဇာတ်သိမ်းချင်ရင်ရော. . . (ဒါပါပဲ)။

ဟာ တစ်ခါ လင်သေလို့ မယားငိုရတာလဲ အရှက်အကွဲ အကျိုးနည်းပဲ . . . (မှန်ပါ)။ ဟုတ်လား အင်း မယားသေလို့ လင်မှာပူဆွေး ဒုက္ခရောက်ရတာလဲ အရှက်တကွဲ အကျိုးနဲ့ဘဲ, တစ်ယောက်တစ်ယောက် အရှက်ကွဲ အကျိုးနဲ အလုပ်ကို ဇာတ်သိမ်းချင်ကြလို့ရှိရင်လဲ, အင်း ခင်ပွန်းသည် လုပ်တဲ့ပုဂ္ဂိုလ်ကလဲ ခင်ပွန်းမကို မအို, မနာ, မသေတဲ့ဆီပို့တဲ့ အရေးပေါ့ဗျာ . . . (မှန်ပါ)။

အင်း - ခင်ပွန်းသည်ကိုလဲ ခင်ပွန်းမက, ကြင်နာပါတယ်, ယုယပါတယ်ဆို, မအိုမသေအမြဲနေတဲ့ဆီပို့ဖို့ဟာ

www.dhammadownload.com



ခင်ပွန်းမ၏အရေး . . . (မှန်ပါ)။ ဆိုနိုင်ကြလား . . . (ဆိုနိုင်ပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီတရားသည် တစ်ယောက်ထဲဟောတဲ့ တရားလား၊ နှစ်ယောက်လုံးလုပ်မှ တစ်ယောက်တစ်ယောက် ငဲ့ရာရောက်ပြီး မျက်ရည်ဇာတ်သိမ်းတဲ့တရားဆိုတာ ကေန် ဖြစ်မှာပဲ. . . (မှန်ပါ)။ မဖြစ်နိုင်ကြသေးဘူးလား . . . (ဖြစ်နိုင်ပါဘုရား)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။ ဒါဖြင့် မောင်နိုင်ရေ နေရာကျပြီ. . . (မှန်ပါ)။

တယ်မြင်တဲ့ ကိုယ်တော်ကြီးပါလားဆိုတာ ဒကာ-ဒကာမတို့ ရှင်းပြီလား. . . (ရှင်းပါဘုရား)။ သာမည တွေးတုန်းကတော့ မောင်နိုင် အမေသည် မျက်ရည်ဇာတ်သိမ်း တယ်လို့ သားသမီးက မထင်ဘူး-ဟင် . . . (မှန်ပါ)၊ သားသမီး၏ မျက်ရည်စက်လက်ဖြစ်ရမည်ကို အမေက, ဇာတ်သိမ်းတယ်လို့ မထင်ရဘူး. . . (မှန်ပါ)။

အခု သေသေချာချာ အမေက မဂ္ဂင်အလုပ်, လုပ်လို့ ခရီးပေါက်သွားပြီဆိုမှဖြင့် သားသမီးများ၏ မျက်ရည်ကို သုတ်စရာလိုသေးလား. . . (မလိုပါဘူး)။

သားသမီးများကတစ်ခါ မဂ္ဂင်ဆိုက်ပြီးသကာလ, အရိယာဘောင်သို့ ရောက်သွားကဲ့အခါ အမေ့မျက်ရည်ကို သားသမီးများ သုတ်သက်ပေးဖို့ရှိသေးရဲ့လား. . . (မရှိပါ

www.dhammadownload.com



ဘုရား)။ တစ်ခါတည်း ခန်းခြောက်သွားတယ် (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။ ဘယ်တော့ ပေါ်သေးလဲ. . . (မပေါ်တော့ပါဘူး)၊ ဘယ်တော့မှ မပေါ်ဘူးဆိုတဲ့အရေးဟာဖြင့်, အင်မတန်ကောင်းတဲ့အရေးလို့ ဆိုထိုက်, မဆိုထိုက် . . . (ဆိုထိုက်ပါတယ်)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ အမေက, အခုဟောမယ့် တရားသည်, အမေက သားသမီးကို ရွက်ဆောင်တဲ့တရား၊ သားသမီးသည် အမေကို . . . (ရွက်ဆောင်တဲ့တရားပါ)။

အဲ့ဒီတရား ဟောလိမ့်မယ်ဆိုတာကို ခင်ဗျားတို့ သတ္တုချပြီး မှတ်လိုက်ကြပါတော့. . . (မှန်ပါ)။ သဘောပါလား . . . (ပါ-ပါတယ်)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဟောရတော့မယ်ဆိုလို့ရှိရင် ဥပမာလေးတစ်ခုပြပါရစေဦး, ဥပမာလေးတစ်ခုပြမယ်နော်၊ ဥပမာတစ်ခု ပြတဲ့အခါကြရင်ဖြင့် ဒီကဘုရားလက်ထက်ကတော့ ဒီလိုဓာတ်မီးတော့မရှိတာ ကေန်မှန်နေတော့-

လူတွေ မီးခွက်ထဲမှာ ဆီကလေးထည့်ကွလို့ ဘုရားက ပြတယ်. . . (မှန်ပါ)၊ ဒါလေးကဆီပေါ့ဗျာ . . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)၊ အင်း-ဆီထဲမှာ လဲ

www.dhammadownload.com



တစ်ခါဆီချည်းကလဲ ထ-မတောက်နိုင်တော့ မီးစာလေး၊ ငွမ်းမီးစာလေးတပ်ကွ. . . (မှန်ပါ)။ မလာဘူးလား. . . (လာပါတယ်)၊ ဒါဖြင့် ဆီရယ် မီးစာရယ်နော်. . . (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဆီရယ်၊ မီးစာရယ် ပြီးတော့ ကဲတစ်ခါ မီးစာလေးနဲ့ ဆီတင် (ဆီသာ) ရှိနေပြီးဗြားသော်လည်း လင်းဖို့အလုပ်က မီးတောက်ဦးမှဖြစ်မှာ. . . (မှန်ပါ)၊ လင်းဖို့အလုပ်က . . . (မီးတောက်ဦးမှ ဖြစ်မှာပါ)၊ မီးတောက်ဦးမှ ဖြစ်မှာဖြစ်ပြီးသကာလ ကဲ ဥပမာထဲ ဘုရားဟောတဲ့အတိုင်း မီးကလေးလဲ တောက်ပေးလိုက်ကြပါ . . . (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်)။

ဒါဖြင့် တစ်ကဆီ၊ နှစ်က မီးစာ၊ သုံးက မီးတောက် (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်)၊ ကဲ-ဒါဖြင့် မီးတောက်လာလို့ရှိရင် ဒကာ-ဒကာမတို့ အလင်းကလေးတော့ ပါတော့မှာပဲ. . . (ပါ-ပါဘုရား)၊ အလင်းရောင် မလာဘူးလား. . . (လာပါဘုရား) ကဲ-ဒါဖြင့် လေးက၊ အလင်းလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

တစ်ကဘာပါလိမ့်. . . (မီးစာ)၊ ဆီပေါ့ဗျ အောင်မယ်လေး၊ စောလှချည်လား မီးစာ - နှစ်ကဘာပါလိမ့် . . . (မီးစာပါဘုရား)၊ အေးမီးစာပဲ၊ သုံးက ဘာပါလိမ့်. . . (အလင်းရောင်) မီးတောက်မီးတောက် သဘောကျလား (ကျပါဘုရား)။

www.dhammadownload.com



အင်း သုံးက မီးတောက်ကလေး၊ လေးက ဘာပါလိမ့် . . . (အလင်းရောင်ပါ)၊ အလင်းရောင်ဟော့ဆိုတော့ ဒကာ ဒကာမတို့ ဒါသဘောကျကြပါ . . . (ကျပါတယ်)။

## ရှင်နန္ဒကာမထေရ်

ဒါ-ရှင်နန္ဒကဆိုတာ ကြားဘူးလိမ့်မယ်၊ သူက ဘိက္ခုနီမ ငါးရာအား ဟောတယ်, ဒီဘိက္ခုနီမငါးရာဟာ ဒကာ, ဒကာမတို့ ရှင်နန္ဒက တရားသာ နာရမယ်ဆို ဘိက္ခုနီမငါးရာက ဘယ်လောက်ထိအောင် သူတို့စိတ်ထဲမှာ ဆုံးဖြတ်ချက်ချထားသတုံး မေးလို့ရှိရင်ဖြင့် -

ငါသာ ရှင်နန္ဒကတရား နာရမယ်ဆိုလို့ရှိရင် အခုနာရရင် - အခုသောတာပန်တည်ပါရဲ့၊ တချို့ ဘိက္ခုနီမက စိတ်ဆုံးဖြတ်ချက်ချတယ် . . . (မှန်ပါ)၊ တချို့ ဘိက္ခုနီမက လဲ ငါသာရှင်နန္ဒက တရားကို နာရမယ်ဆိုလို့ရှိရင် သကဒါဂါမ်တော့ ဧကန်ဖြစ်ပါရဲ့, သဘောကျလား . . . (ကျပါတယ်)။

တချို့ ဘိက္ခုနီမတွေကလဲ, ငါသာ ဒီရှင်နန္ဒကတရား နာရလို့ရှိရင် အနာဂါမ်တော့ ဧကန်ဖြစ်ပါရဲ့, သူတို့ ဆုံးဖြတ်ချက်ချတယ်နော် . . . (မှန်ပါ)။ တချို့ဘိက္ခုနီမကလဲ ငါသာ အရှင်နန္ဒကတရားနာရလို့ရှိရင် ရဟန္တာမတော့ အသေအချာ ဖြစ်ပါရဲ့ . . . (မှန်ပါ)။

www.dhammadownload.com



## စိတ်ကူးလေးမျိုးရှိတယ်

စိတ်ကူးလေးမျိုး မရှိကြလား . . . (ရှိပါတယ်)၊ စိတ်ကူးကလဲ ကြောက်စရာကောင်းတယ် မောင်နိုင်ရ . . . (မှန်ပါ)၊ စိတ်ကူးကလဲကြောက်စရာကောင်းတယ်၊ နောက်ဆုံးပိတ် တစ်နေ့ကို စိတ်ကူးအတိုင်း တရားဟာ သွားဖြစ်ကတ်တယ် . . . (မှန်ပါ)၊ ဒီဘဝ သောတာပန်လောက် မှန်းထားတဲ့ ပုဂ္ဂိုလ်က တက်လို့ကိုမရဘူး. . . (မှန်ပါ)။

အခု ဒီဝတ္ထုမှာ လာနေတာက ဒီရှင်နန္ဒက ဟောတဲ့အခါကျတော့ သောတာပန်လောက် သူ့တရားနာရရင် သောတာပန်တည်မယ်လို့မှန်းထားတဲ့ပုဂ္ဂိုလ်က သောတာပန် ဒီဘဝ သောတာပန်ဘဲတည်တယ်, တက်ကိုမတက်ဘူး . . . (မှန်ပါ)။

တချို့က ရှင်နန္ဒကတရားနာရလို့ရှိရင် သကဒါဂါမ်တည်မှာပဲလို့ ဆုံးဖြတ်ချက်ချထားတဲ့ပုဂ္ဂိုလ်ကလဲ မောင်နိုင်ဘယ့်နှယ်ထင်လဲ . . . (သကဒါဂါမ်ပဲ တည်ပါတယ်)၊ တက်လို့ကို မရဘူး . . . (မှန်ပါ)။ သူ့စိတ်ကူးက အဲ့ဒီမှာ ဆုံးဖြတ်ချက်ချထားတယ်. . . (မှန်ပါ)။

တချို့ကလဲ အနာဂါမ်တည်မှာပါပဲ ရှင်နန္ဒက တရားသာ နာရလို့ရှိရင် အဲ့ဒီပုဂ္ဂိုလ်လဲ တက်လို့မရဘူး. . . (မှန်ပါ)။ တစ်ချို့ကလဲ ရဟန္တာဖြစ်မယ်ဆိုတဲ့ပုဂ္ဂိုလ်ကတော့

www.dhammadownload.com



တစ်-နှစ်-သုံး-လေးရောက်အောင် သူတက်မယ်. . . (မှန်ပါ) ဒါကြောင့် စိတ်ပေမဲ့ ဒကာ - ဒကာမတို့ သူ့ဆုံးဖြတ်ချက်က ပေမယ့်လို့ ကြောက်စရာကြီးပါလား. . . (မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒါထားလိုက်ပါဦးတဲ့ တစ်နံပါတ်က ဆီ, ဒကာ-ဒကာမတို့ နှစ်နံပါတ်သည်ကားဆိုလို့ရှိရင် မီးစာ, သုံးနံပါတ်သည်ကား (မီးတောက်) မီး၊ လေးနံပါတ်သည်ကား အလင်း၊ သဘောကျလား. . . (ကျပါတယ်)။

## ရှင်နန္ဒကဟောမှကျွတ်မှာ

အဲ့ဒီတော့ ဘိက္ခုနီမတွေ တရားဟောဖို့ သာဝတ္ထိ ပြည်မှာ ဘိက္ခုနီမ ခေါင်းဆောင်ကြီးဖြစ်တဲ့ မိထွေးတော် ဂေါတမီက, အရှင်ဘုရား တပည့်တော်တို့ ဘိက္ခုနီမတွေ ဆုံးမတော်မူပါ၊ တရားဟောတော်မူပါ, အလှည့်ကျနဲ့ တပည့်တော်တို့ချည်း ပစ်မထားပါနဲ့ ဘိက္ခုနီမ ငါးရာပေါ့လေ, ပစ်မထားပါနဲ့ဆိုပြီး သကာလ, လျှောက်တော့ -

ဘုရားက ဒါဖြင့် အလှည့်ကျတရားဟောစေလို့, ခုနရဟန္တာတွေ အမိန့်ထုတ်လိုက်တယ်၊ အလှည့်ကျတရား ဟောစေဆိုတော့ အလှည့်တွေက အကုန်ကျကုန်တော့ ရှင်နန္ဒက မောင်နိုင် တစ်ပါးပဲကျန်တယ် . . . (မှန်ပါ)။

ရှင်နန္ဒက တစ်ပါးပဲ ကျန်တော့ ဘုရားသခင်

www.dhammadownload.com



ကိုယ်တော်မြတ်ကြီးကလဲသိတယ်၊ သူကလဲ သူ့အလှည့်ကျလာလို့ရှိရင်, အပ်ချုပ်စရာရှိသေးတယ်, ခရီးသွားစရာရှိသေးတယ်, ဟောကိုမဟောချင်ဘူး၊ သူကလဲမဟောချင်ဘူး၊ ဘိက္ခုနီမတွေကလဲ သူဟောမှုကို ကျွတ်မှာ၊ ဘုရားဟောလို့ကို မကျွတ်ဘူး. . (မှန်ပါ)။

## ဘုရား၏ဝေနေယျမဟုတ်

ခက်လိုက်တဲ့ဖြစ်ခြင်း ဒကာ-ဒကာမတို့ ဘိက္ခုနီမတွေက, ဘုရားဟောလို့ . . . (မကျွတ်နိုင်ပါဘူး)၊ ဒို့ပြင် ရဟန္တာတွေ ဟောတော့ကော (မကျွတ်ပါဘူး)၊ မကျွတ်ဘူးတဲ့သူက ဒကာ ဒကာမတို့ တရားကတော့ ဒီလက္ခဏာရေးသုံးပါးပဲ (မှန်ပါ)၊ ကျွတ်ပါရဲ့လား. . . (မကျွတ်ပါဘုရား)။

မဟုတ်ဘူးတဲ့ ရှင်နန္ဒကရဲ့ ဝေနေယျတဲ့. . . (မှန်ပါ)၊ ဘုရားရဲ့ဝေနေယျမဟုတ်ဘူး. . . (မှန်ပါ)၊ ဘယ်လောက်ကြောက်စရာကောင်းလဲ ဒကာ-ဒကာမတို့. . . (ကောင်းပါဘုရား)။

သူ့ဝေနေယျဆိုတာ သူ့တပည့်သားမြေးကို သူချွတ်မှရတယ်၊ ဘုရားချွတ်မှရတဲ့ပုဂ္ဂိုလ်က ဘုရားချွတ်ရတယ်. . . (မှန်ပါ)၊ အင်း သာဝက ချွတ်မှရမည့်ပုဂ္ဂိုလ်က . . . (သာဝကချွတ်ရပါမယ်)၊ အင်း-သူ့-စေနေ့ယျနဲ့သူဆိုတာလဲ ခင်ဗျားတို့မှတ်ထားဖို့ကောင်းတယ်. . . (မှန်ပါ)။

www.dhammadownload.com



## ရှင်နန္ဒက၏ဝေနေယျ

ဘုရားက သာဝက ဒီရှင်နန္ဒက ချွတ်မှရမည့် ဘိက္ခုနီမတွေဆီကို ရဟန္တာတွေ အလှည့်ကျဟောစေလို့ဆိုတာ သူသွားမဟောဘူး . . . (မှန်ပါ)၊ ဟောရဲ့လား . . . (မဟောပါဘုရား)၊ အလှည့်ကျဟောစေလို့သာ အမိန့်ထုတ်လိုက်ပါတယ်ဆိုတာ ဒကာ-ဒကာမတွေ မှတ်ထားလိုက်ပါ. . . (မှန်ပါ)။

မြတ်စွာဘုရားက ဒီနေ့ဘယ်သူ့အလှည့်ကျတုံးကွ ညီတော်အာနန္ဒာရ, ညီတော်အာနန္ဒာက အစီအစဉ် ထုတ်ရတာကို အရှင်ဘုရား တခြားသံဃာတော့ အကုန်စေ့ကုန်ပြီဘုရား၊ ရှင်နန္ဒကကလဲ ပြောလို့မရဘူး, သူမဟောချင်ဘူးတဲ့၊ ပရိယာယ်ရှာပြီး ခရီးသာထွက်ထွက်နေတာပဲ, ကိစ္စတွေသာပြနေတာပဲ၊ ဒါဖြင့် ခေါ်ကွာ၊ ဒါဆို ငါ့အမိန့်နဲ့ ခေါ်လိုက်ဆိုတော့-

ရှင်နန္ဒကကြွလာတယ်, မင်းဒီနေ့ ဘိက္ခုနီမတွေကို တရားဟောရမယ်ကွ, အမိန့်ထုတ်လိုက်တယ်၊ ဒါနဲ့ သူဆွမ်းခံပြန်လာပြီးသကာလ, ဘိက္ခုနီမကျောင်း ဝင်ပြီးသကာလ ခြေဖဝါးဆေး, နေရာထိုင်ခင်းတွေ ဟိုကပေးတဲ့အခါမှာ သူက ထိုင်ပြီးသကာလ, တရားဟောတယ်။

ဟောတော့မယ်လို့ ထိုင်လိုက်ဘဲ့အခါ မောင်နိုင် သူနဲ့

www.dhammadownload.com



ကျွတ်ချင်, ကျွတ်ဖို့ရာ စောစောစီးစီးက သိသိသာသာဖြစ်နေတယ်. . . (မှန်ပါ)။

## နားမလည်သေးရင်ပြန်မေးနိုင်တယ်

သူ့တရားပွဲ ထိုင်လိုက်ရင်ပဲ, ဘိက္ခုနီမင်းရာကလဲ ရောက်လာတာကိုး၊ သင်တို့ကို ငါတရားဟောတော့မယ်။

ကဲ, သို့သော်လဲတဲ့ သင်တို့ ငါဟောတာချည်းကို တစ်ခါတည်းသင်တို့က နားထောင်မနေပါနဲ့၊ ဟောတဲ့အထဲက အခုသံသယရှိတယ်ဆို ဒါ-တပည့်တော်တို့ အခုနားမလည်သေးဘူး, ထပ်ပြောပါဦးလို့ ပြန်မေးရမယ်. . . (မှန်ပါ)။

ပြန်မေးခဲ့လို့ရှိရင်ဖြင့် ငါကလဲ အဆင်သင့်ပဲ ပြန်ဖြေဖို့ရာဟာ ဒီဝတ္တရားဟာငါ့မှာရှိတယ်ဆိုတော့ ဒီတွင် ဘိက္ခုနီမင်းရာက ကိုမြင့်တို့-မောင်နိုင်တို့, ဩော်-ဒီ့ပြင်ရဟန္တာတွေကဟောသွားတော့ ဒီစကားမျိုး, တစ်လုံးမှ မသုံးဘူး (မှန်ပါ)။

သူ့ပါရမီရေစက်က ပါလာပြီပေါ့ . . . (မှန်ပါ)။ အခုတော့ဖြင့် အင်း-တို့တရားမဟောရသေးဘူး, ဟောတော့မယ်, ဟောမည့်တရားထဲက နားမလည်လို့ရှိရင် ပြန်လဲ မေးနိုင်တယ်၊ အဖြေလဲပေးနိုင်တယ်, မဖြေနိုင်တဲ့ပုဂ္ဂိုလ်က ပြန်

www.dhammadownload.com



မေးရမယ်၊ နားလည်တယ်, နားမလည်တယ်လဲ မင်းတို့ကို မေးလိမ့်မယ်၊ မေးတဲ့အခါကျတော့ နားလည်ရင်, နားလည်တယ်လို့ပြန်ပြော၊ နားမလည်လို့ရှိရင်၊ ဒါနားမလည်သေးဘူး၊ ထပ်ဟောပါဦးလို့ မင်းတို့ကပဲ, လျှောက်နိုင်တယ်။

## ဘုန်းကြီးကသူ့ဟောနည်းအတိုင်းဟောနေတာ

သူ့ဟောနည်းကို ဘုန်းကြီးများ ဟောနေတာကို ရိပ်မိလား . . . (ရိပ်မိပါဘုရား)၊ ဒီ ဒကာ-ဒကာမတို့ နားလည်ရဲ့လား, မေးလိုက်တယ်၊ ဒါဘာတုန်း, ဒါဘာတုန်းလို့, အခုပြဟောနေတာသည်, ရှင်နန္ဒကတို့၏ ဟောနည်းကို ပြောနေတယ်ဆိုတာကော သက်သေခံလုံလောက်ပြီ. . . (မှန်ပါ)။

ရှေးက ဒီလိုမရှိဘူး. . . (မှန်ပါ)၊ ရှေးကတော့ ဟောတဲ့ဘုန်းကြီးက, ယပ်ကြီးထောင်ပြီး ဒီအတိုင်းဟောသွားတာ, ပြီးတာပဲ၊ "ဗုဒ္ဓါတီတိဗုဒ္ဓေါ"ကစပြီးသကာလ, ဤကားအဘိဓမ္မာဒေသနာတော်မြတ်သည်ကားဆိုပြီးတာပဲ, ဘယ်သူဘာမေးနေတာမဟုတ်ဘူး၊ ထသွားတာပဲ, ဒီအတိုင်းချည်းပဲအဲ့ဒါ နားမလည်လဲနေရစ်, နားလည်လဲ (နေပါ) နေရစ်ဆိုတော့ အတော်ခဲယဉ်းပါလား. . . (ခဲယဉ်းပါတယ်)။

စာကလဲ စီကာပတ်ကုံးတွေနဲ့သာ စီကုံးပြီးသကာလ ထားလိုက်တော့ လင်္ကာပတ်ကုံး, ဟိုက ကျက်တဲ့ဘုန်းကြီး

www.dhammadownload.com



ကလဲ မနည်းရအောင် ကျက်ထားရတယ်၊ ကိုယ့်ဟာဆုံးဖို့ အရေးကြီးနေတာပဲ, ခင်ဗျားတို့ နားလည်, မလည်အရေး မကြီးနိုင်ဘူး. . . (မှန်ပါ)၊ သဘောပါလား. . . (ပါ-ပါတယ်)။

အဲ့ဒီလို ဟောတဲ့အထဲမှာ ဘယ်ကလာ ကျွတ်တမ်းဝင်နိုင်ပါ့မလဲ. . . (မဝင်နိုင်ပါဘူး)၊ အင်မတန်ရင့်တဲ့ ပုဂ္ဂိုလ်ဖြင့် ဘုန်းကြီးတို့ မဆိုလိုဘူးပေါ့ဗျာ. . . (မှန်ပါ)၊ ဒီအထဲမှာလဲ အလုပ်စဉ်က ပါပါရဲ့လားဆိုတော့ အလုပ်စဉ်က ခန္ဓာငါးပါး အနိစ္စတရား ရှုတယ်ဆိုတာလောက်ပဲ ပါတာပဲ. . . (မှန်ပါ)။

ခန္ဓာငါးပါးလဲ အသေအချာမဟောဘူး၊ အနိစ္စတရား ရှိတယ်ဆိုတာလဲ, ဘာအနိစ္စပါလိမ့်မတုံးလို့, ကွင်းကွင်းကွက်ကွက်လဲ ဖော်သွားနိုင်တာမဟုတ်ဘူး. . . (မှန်ပါ)၊ အင့်မတန်မခဲယဉ်းဘူးလား. . . (ခဲယဉ်းပါတယ်)။

## အင်မတန်အဖိုးတန်တဲ့ခေတ်

ကဲ-အခုတရားမျိုးတွေကတော့ ရှေ့မှာလဲ အခုလို ချပြပြန်တယ်, နားမလည်တာကိုလဲ မလည်သေးလဲမေး၊ အင်း လည်လား, မလည်လားလဲမေးတယ်၊ မလည်သေးတယ် ထင်လို့ရှိရင်လဲ, အင်းဒီဥစ္စာထပ်ပြောပါဦးဆိုလို့ရှိရင် ပြောတဲ့ တရားတွေ ဖြစ်နေတော့, အင်မတန်အဖိုးတန်တဲ့ခေတ်ပဲလို့

www.dhammadownload.com



ဆိုတာကော ဒကာ-ဒကာမတွေ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)၊ အင်မတန်အဖိုးတန်တဲ့ခေတ်နော်. . . (မှန်ပါ)။

ရှေးယပ်တောင်ခေတ်ကြီးဟာ ဘယ်လောက်ကြာလာ တယ်လို့ ကျုပ်မပြောတတ်ဘူး. . (မှန်ပါ)၊ သဘောကျလား (ကျပါတယ်)။

အဲ့ဒီ ယပ်ထောင်ခေတ်ကြီးက ဘုန်းကြီးလဲမမြင်ရဘူးကွ, သူဟာ "ဗုဒ္ဓုတီတိ ဗုဒ္ဓေါ" ကနေ ဝိပြုဟ်တွေစနေတာပဲ. . . (မှန်ပါ)၊ သဘောကျလား. . . (ကျပါဘုရား)။ နောက်ဆုံးပိတ် ခက်ခဲတဲ့နက်နဲတဲ့, အဘိဓမ္မာ, ဒေသနာတော်မြတ်သည်ကားဆို "ကုသလာဓမ္မာ - အကုသလာဓမ္မာ"ဆိုဒါနဲ့ပဲ နိဗ္ဗာန်ရောက်စေ. . . (မှန်ပါ)။

ဒီလို ဖြစ်သွားတာ . . . (မှန်ပါ)၊ ရောက်နိုင်ပ့ါမလား (မရောက်နိုင်ပါဘုရား)၊ ဉာဏ်ထဲရှင်းဖို့ လင်းဖို့ မခဲယဉ်းဘူးလား. . . (ခဲယဉ်းပါတယ်)။

ရင့်တဲ့ပုဂ္ဂိုလ်တော့ ဘုန်းကြီးတို့ မဆိုလိုဘူးပေါ့ဗျာ (မှန်ပါ)၊ ဒီလိုမရမရှိတဲ့ပုဂ္ဂိုလ်ကျတော့ ပဒပရမပုဂ္ဂိုလ်တော့မဟုတ်ပါဘူးလို့, ဝိဘဇ္ဇိတညျုပုဂ္ဂိုလ်တွေ, ဝေဖန်ဟောမှ ရမည့် ပုဂ္ဂိုလ်တွေ, ဝေဖန်မှ မဝေဖန်တော့ဘဲ တောက်လျှောက်ပြောတော့တာပဲ. . . (မှန်ပါ)၊ ရနိုင်ဖို့ အတော်မခဲယဉ်းဘူးလား. . . (ခဲယဉ်းပါတယ်)။

www.dhammadownload.com



ကဲ-ဒါဖြင့် ဒကာ-ဒကာမတို့ အခု-ရှင်နန္ဒကဟောပုံက အတော်ကောင်းတယ်နော်. . . (မှန်ပါ)။ ဘိက္ခုနီမတွေ ထိုင်ကာရှိသေးတယ်, တရားမဟောသေးဘူး၊ ကဲ အသင်ဘိက္ခုနီမတို့ အသင်ဘိက္ခုနီမတို့ကို ငါတော့ တရားစတော့မယ်၊ ဟောတဲ့အခါကျ ဟောတဲ့အထဲက နားလည်ရင်လဲ လည်တယ်ပြောကြပါ၊ နားမလည်လို့ရှိရင်လဲ ပြန်မေးပါ၊ ပြန်မေးတဲ့အခါလဲ ငါကအဖြေအဆင်သင့်ပေးဖို့ပါပဲ ဆိုတော့, တရားမနာခင်ကိုက စိတ်ကရွှင်ကုန်ပြီ. . . (မှန်ပါ)၊ တရားမနာခင်က ဘယ့်နှယ်. . . (စိတ်ကရွှင်ကုန်ပါတယ်)။

ဘယ်ကိုယ်တော်မှ ဒီလိုမပြောဘူး၊ ဗုဒ္ဓတီတိဗုဒ္ဓေါ ကိုယ်တော်ချည်းဘဲဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ်. . . (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်)၊ အဲ့ဒီလို သူဖြစ်ပြီးသကာလနေတော့ ဘယ်ကိုယ်တော်၊ ဘယ်ရဟန္တာကြီးတွေ, ရှင်သာရိပုတ္တရာဟော, ရှင်အာနန္ဒာဟော အမျိုးမျိုး အဖုံဖုံ ဘုရားလက်ထက်ကတော့ ရဟန္တာတွေ အစုံပေါ့လေ (မှန်ပါ)၊ အလှည့်ကျနဲ့ ဟောရတာ ဘယ်သူမှ တို့ ဒီလို မပြောဘူး။

ဟာ - တို့ရှင်နန္ဒကကတော့ဖြင့် မသိရင်မေးနိုင်သတဲ့ အင်း ပြန်လဲ ဖြေရမတဲ့ဆိုတော့ အင်းတို့ဖြင့် ဒီတစ်ခါ သောတာပန်တည်ရမှာ၊ သကဒါဂါမ်တည်ရမှာ, သူ့မှန်းချက်

www.dhammadownload.com



တွေ အကုန်လာကုန်တာပဲ. . . (မှန်ပါ)၊ မလာပေဘူးလား (လာပါဘုရား)။

အင်း-အဲဒီတင်မှ ရှင်နန္ဒက က ကဲ-ရှိရှိသေသေနာကြဆိုပြီး ပထမ ဥပမာလေး သူကပြတယ်။

## မီးတောက်နှင့် အလင်း ဥပမာ

ခုနက တစ်နံပါတ်ကဘာတဲ့. . . (ဆီပါ)၊ နှစ်နံပါတ်က . . . (မီးစာ) မီးစာ သုံးနံပါတ်က. . . (မီးတောက်ပါ)၊ အင်း-မီးတောက် လေးနံပါတ်က. . . (အလင်းပါ)၊ အလင်း, မီးတောက်နဲ့အလင်းနဲ့ဟာလဲ မီးတောက်က ဒီနားတင်တောက်တာ မောင်နိုင်နော်. . . (မှန်ပါ)၊ အလင်းကတော့သူ့အားရှိသလောက် ဥပမာမယ်-ဆယ်ပေပတ်လည်, ပေတစ်ရာ ပတ်လည်, သူသွားချင်သွားမှာ. . . (မှန်ပါ)၊ အဲ့ဒါကြောင့် မီးတောက်နဲ့ အလင်းနဲ့တခြားစီမှတ်ပါ. . . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)။

ကိုင်း-ဒါဖြင့် ဒီလိုထားလိုက်ပြီးသကာလ, ဥပမာနဲ့ပဲရှင်းကြည့်ပါတော့တဲ့၊ ဆီကလဲ ခန်းတတ်ပျောက်တတ်တဲ့အမျိုး. . . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)၊ မီးစာကလဲ ပျောက်ပျက်တတ်တဲ့အမျိုး (မှန်ပါ)။ သဘောကျပြီနော်. . . (ကျပါပြီ)၊ မီးကလဲ သေတတ်တဲ့အမျိုးပဲ. . . (မှန်ပါ)။

www.dhammadownload.com



ဒါဖြင့် ဆီလဲ ခန်းတတ်တဲ့အမျိုးမို့ ခန်းရမယ်၊ မီးစာကလဲ ပျောက်ပျက်တတ်တဲ့အမျိုးမို့ ပျောက်ပျက်ရမယ်၊ သဘောကျလား. . . (ကျပါတယ်)၊ အင်း-မီးတောက်ကလဲ ငြိမ်းတတ်တဲ့အမျိုးမို့ ငြိမ်းရမှာပဲ. . . (မှန်ပါ)။

အဲ့ဒီကဲ့သို့ ငြိမ်းခဲ့သည်ရှိသော် ဒီအရောင်ကြီး ဒီသုံးမျိုးကြောင့် ဆက်သွယ်, ဒီသုံးမျိုးတည်းဟူသော အကြောင်းကြောင့် ဆက်သွယ်နေတဲ့အလင်းဆိုတာဟာ မောင်နိုင် ဒီသုံးမျိုးထက် အရင်ကျကျ ပျက်စီးရမယ်. . . (မှန်ပါ)။

ဒကာ-ဒကာမတို့ ဒီအထဲမှာ ဆီရယ်, မီးစာရယ်, မီးရယ်, အလင်းရယ်ဟာ ဘယ်သူအရင်ဆုံး ပျောက်သင့်သလဲမေးရင် ဘယ့်နှယ်ပြောကြမလဲ၊ အလင်းဟာ အရင်ပျောက်သင့်ပါတယ်၊ သဘောကျလား (ကျပါတယ်) အလင်းဟာ အရင်ဆုံး ပျောက်သင့်တယ်ဆိုတာ ဒကာ-ဒကာမတွေ ကောင်းကောင်းရှင်းပါပြီ . . . (ရှင်းပါတယ်)။

ဪ-ဒါဖြင့် ဒကာ-ဒကာမတို့ ဘာ့ကြောင့် အလင်းအရင်ပျောက်ပါလိမ့်မတုံးလို့ အမေးထုတ်ခဲ့သည်ရှိသော်, ပျောက်တတ်တဲ့မွေအပေါ်မှာလဲ အမြန်ဆုံးပျောက်ရမည့် တရားက အလင်း. . . (မှန်ပါ)။

ပျောက်တတ်တဲ့တရား သုံးခုအပေါ်မှာ အမြန် တစ်

www.dhammadownload.com



နံပါတ်, ရှေးဦးစွာ ပျောက်ရမည့်တရားကဘယ်သူပါလိမ့်. . . (အလင်းပါ)၊ သဘောကျလား. . . (ကျပါတယ်)၊ အင်း၊ ဆီကတော့ဖြင့် မီးစာမရှိလို့သာ မတောက်လိုက်ရတယ် ဆီကျန်ရှိချင်ရှိဦးမယ်. . . (မှန်ပါ)၊ မီးစာကလဲ လေတိုက်လို့သာ, သေသွားတယ်၊ မီးစာကျန်ရှိချင်ရှိမယ်. . . (မှန်ပါ)။

မီးကလဲ လေတိုက်လို့သာ သေသွားရတယ်၊ သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တောက်နိုင်သေးတဲ့ စွမ်းရည်သတ္တိရှိပါတယ်, လေမနိုင်လို့ သဘောကျလား. . . (ကျပါတယ်)။

ဒီပြင်ဟာတွေကတော့ ခြွင်းချက်ရှိမယ်ဆို ရှိနိုင်သေးတယ်တဲ့, ဒီအလင်းကတော့ ဒီသုံးပါး တပါးပါးသာချုပ် သူအရင်ပြုတ်မှာပဲတဲ့. . (မှန်ပါ)၊ ရှင်နန္ဒက က ဟောနေတယ်၊ သဘောကျလား. . . (ကျပါတယ်)။

အင်း - ဒါဖြင့် ဒကာ-ဒကာမတို့, ဆီရယ်, မီးစာရယ်, မီးရယ်, အလင်းရယ်, ဘယ်သူ အရင်ပျောက်ဖို့ အကြောင်းအကျိုးဆက်ကြည့်ကြစမ်း၊ (အလင်းရောင်ပျက်ဖို့ပါ)။ အလင်းရောင်ပျက်ဖို့ဟာ အလွန်အရှေးကြီးပါတယ်. . . (မှန်ပါ)၊ အလင်းဟာ အရင်ပျက်မည့်တရားပဲဆိုတာ ဒကာ-ဒကာမတို့ သဘောကျလား . . . (ကျပါတယ်)။

သူက ဆီကုန်လဲ သူကအရင်ပျောက်ရမှာပဲ. . . (မှန်ပါ)၊ မီးစာကုန်လဲ . . . (သူက အရင်ပျောက်ရပါမယ်)

www.dhammadownload.com



မီးငြိမ်းရော. . . (သူကအရင်ပျောက်ရမယ်)။ သူက အရင်ပျောက်မှာချည်းဖြစ်နေတော့ ကိုင်း - ဘိက္ခုနီမတို့ ဒီဥစ္စာသာသင်တို့ကြည့်ကြတော့ အလင်းဟာ အရင်ပျောက်ရမယ်ဆိုတဲ့ အဓိပ္ပါယ်, အားလုံး ဒကာဒကာမတွေကော ရှင်းပါပြီ (ရှင်းပါတယ်)။

## ခန္ဓာထဲသွင်းကြပါစို့

ကိုင်း - ဒါဖြင့် ဒါက ရှင်နန္ဒက က ဥပမာအရင်ပြပြီး သကာလ ကိုင်း ဒကာ-ဒကာမတို့ ခန္ဓာထဲသွင်းကြပါစို့၊ သဘောကျလား. . . (ကျပါတယ်)။

ခန္ဓာထဲမှာ ဟောဒီ, အောက်က ဒကာ-ဒကာမတို့ ခင်ဗျားတို့ မျက်လုံးရုပ်ကလေးပေါ့ဗျာ. . . (မှန်ပါ)၊ မျက်လုံးအကြည်ရုပ်ကလေးနော် . . . (မှန်ပါ)၊ မြင်စိတ်မပါသေးဘူးနော်. . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်)၊ အင်း ဆီနဲ့ မျက်လုံးအကြည်ရုပ်နဲ့ အတူတူပဲ . . . (မှန်ပါ)။ အဆင်းနဲ့ ဒကာ ဒကာမတို့ မီးစာနဲ့မတူဘူးလား. . . (တူပါတယ်)။

အင်း-ဒါဖြင့် ဒကာ-ဒကာမတို့ မီးတောက်ကလေးနဲ့ ဘာနဲ့တူပါလိမ့်မတုံးဆိုတော့ မြင်စိတ်ကလေးနဲ့တူတယ်. . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)၊ မီးတောက်ကလေးနဲ့ ဘာနဲ့တူတုံး. . . (မြင်စိတ်ကလေးနဲ့တူပါတယ်)။

www.dhammadownload.com



မြင်စိတ်ကလေးနဲ့တူတော့ အင်း နောက်ကျတော့ မြင်တာလေးကို ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မြင်တာလေးကို ကောင်းတယ်ဆိုတဲ့ ဝေဒနာလေး မလာဘူးလား. . . (လာပါတယ်)။

## ဝေဒနာကအလင်းနဲ့တူတယ်

အင်း-ကောင်းတယ်ဆိုတဲ့ဝေဒနာလေးက အလင်းပါ၊ အင်း မြင်တာလေးက, မကောင်းပါဘူးဆိုတဲ့ဥစ္စာလေးကော . . . (အလင်းပါ)၊ မြင်တာလေးဟာဖြင့် အင်း မြင်ကာမျှပဲ ဆိုတာကော. . . (အလင်းပါ)၊ ဒီဝေဒနာလေးက အလင်းနဲ့ တူတယ်. . . (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်)။

ဒါ ရှင်နန္ဒက က ဟောနေတာ ဒကာ-ဒကာမတို့ (မှန်ပါ)၊ မျက်လုံးရယ်, အဆင်းရယ်, မြင်စိတ်ကယ်, သုံးခု (မှန်ပါ)၊ အင်း အဲ့ဒီတော့ကိုတဲ့ ခုနက ဒကာ ဒကာမတို့ အနိစ္စသုံးခုအပေါ်မှာ, မှီနေရတဲ့, အလင်းသည်ကားဆိုလို့ ရှိရင် သူဟာအရင်ပျက်ထိုက်တယ်. . . (မှန်ပါ)၊ သဘော ကျလား. . . (ကျပါတယ်)။

## ဝေဒနာသည် အရင်ပျက်တဲ့တရား

ဒီမှာလဲ ဒကာ-ဒကာမတို့ ဝေဒနာရှုခိုင်းတာက,

www.dhammadownload.com



အရင်ပျက်ထိုက်တဲ့ တရားလို့, အသေအချာမှတ်ပါတဲ့ (မှန်ပါ)၊ ဘာ့ကြောင့်တုံး, အပျက်တွေ, ပျက်ရမည့်တရားက တည်ထောင်လာတဲ့ ဝေဒနာ. . (မှန်ပါ)၊ သဘောကျလား (ကျပါတယ်)။

အင်း - မျက်လုံးရုပ်ကလဲ ပျက်ရမှာပဲ . . . (မှန်ပါ) မြင်တဲ့အဆင်းရုပ်ကရော. . . (ပျက်ရမှာပါ)၊ မြင်စိတ်ဆို တဲ့ စက္ခုဝိညာဏ်ကကော. . . (ပျက်မှာပါ)။ အဲ့ဒီအပေါ်မှာ သူက မှီနေရတဲ့ဝေဒနာ၊ မြင်ပြီးမှကောင်း, မကောင်းလာတာ (မှန်ပါ)။

အဲ့ဒီတော့ ဝေဒနာက အလင်းနဲ့မတူဘူးလား၊ (တူပါ တယ်)။ အဲ-ဒါကြောင့် ဒီဝေဒနာသည်ကားဆိုရင် ဒကာ-ဒကာမတို့ အလင်းရောင်နဲ့ အင်မတန်တူတယ်. . . (မှန်ပါ)၊ အလင်းရောင်နဲ့တူတော့ ဒီဥစ္စာဟာ မပျက်ထိုက်ဘူး, ပျက် ထိုက်တယ် ဆိုတာလဲ, ဒကာ ဒကာမတို့ဆီကလဲ ခန်းတတ်တဲ့ အမျိုးမို့ ဆီခန်းလဲ သူပျက်တာပဲ. . . (မှန်ပါ)၊ သဘောကျ လား (ကျပါတယ်)၊ မီးစာပျက်ကော (သူပျက်ပါတယ်)၊ မီး သေကော . . . (သူပျက်ပါတယ်)။

သို့သော် သူသည် ရှေ့နောက်ခွဲတဲ့အခါမှာ အရင်ဆုံး ပျက်ထိုက်တဲ့တရားထဲ သူအပါအဝင် . . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်)၊ ဒါ့ကြောင့် ခင်ဗျားတို့

www.dhammadownload.com



ဝေဒနာရှုတဲ့အခါကျလို့ရှိရင်ဖြင့်, အင်း ဒီ မီးစာကုန်လို့ရှိရင်လဲ သူပျက်တယ် . . . (မှန်ပါ)၊ သဘောကျလား . . . (ကျပါတယ်)၊ ဆီခန်းတော့လဲ . . . (သူပျက်ပါတယ်)၊ မီးစာမကောင်းလို့လဲ . . . (သူပျက်ပါတယ်)၊ မီးငြိမ်းလို့လဲ . . . (သူပျက်ပါတယ်)။

သူပျက်တယ်ဆိုတော့ ဒကာ-ဒကာမတွေ သန္တာန်မှာ ဟောဒီမှာ မီးစာဆိုတာသည် ဒီဆီဆိုတာက ဒကာ ဒကာမတွေ သိတဲ့အတိုင်း, ဒါရုပ်တရားပါ . . . (မှန်ပါ)၊ စက္ခုပဲထားပါတော့ . . . (မှန်ပါ)၊ ရူပါရုံဆိုတာကလဲ, ရုပ်တရားပါ (မှန်ပါ)၊ ဟော ရုပ်နှစ်ခုပါသွားပြီ (မှန်ပါ)၊ မြင်စိတ်ကလေးဆိုတာ နာမ်တရားပါ . . . (မှန်ပါ) ဟိုဥစ္စာ ဝိညာဏက္ခန္ဓာပါမသွားဘူးလား . . . (ပါသွားပါတယ်)၊ အင်း မြင်တတ်တဲ့ဝေဒနာဆိုတော့ ဝေဒနာက္ခန္ဓာကော မနေဘူးလား . . . (မှန်ပါ)။

ဒီထဲ ရူပက္ခန္ဓာတစ်ခု, ဝိညာဏက္ခန္ဓာကတစ်ခု, ဝေဒနက္ခန္ဓာက တစ်ခု၊ သင်္ခါရက္ခန္ဓာကတော့ပါပြီးသား ဖြစ်နေတယ် . . . (မှန်ပါ)၊ မနေပေဘူးလား . . . (နေပါတယ်) အဲ့ဒီတွင် အရိပ်သဖွယ်, အလင်းသဖွယ်ဖြစ်တဲ့ ဝေဒနာသာခင်ဗျားတို့က လှည့်သာရှု, ကျန်တာသူနဲ့ အတူတူငြိမ်းတာပဲ (မှန်ပါ)၊ သဘောကျလား . . . (ကျပါတယ်)။

www.dhammadownload.com



## မီးသေလို့အလင်းပျောက်တာ

သူတို့ငြိမ်းဖို့ဟာ လိုသေးလား. . . (မလိုပါဘူး)။

ပြီးတော့ ခင်ဗျားတို့ ပျက်တယ်လို့ ရှုတဲ့အခါမှာလဲ သံသယမရှိပါနဲ့တဲ့၊ ဪ-မီးသေလို့ ဒီအလင်းပျောက်တယ် ဆိုသလိုပေါ့ကွာ . . . (မှန်ပါ)၊ ဝိညာဏ်ချုပ်လို့ သူချုပ်တယ် . . . (မှန်ပါ)။ ရူပါရုံချုပ်လို့၊ (သူချုပ်ပါတယ်)၊ အင်း စက္ခု ပသာဒချုပ်လို့. . . (သူချုပ်ပါတယ်)။

ဒီလိုရှုလိုက်တော့ကို, အဲဒါတွေက သိလို့ မှတ်ပြီး သကာလ, သူကလေးပျက်တာသာ ကြည့်ပြီးသကာလ, ပျက်ပြီ ပျက်ပြီ, သုခဝေဒနာတွေ ပျက်ပြီ, ဒုက္ခဝေဒနာပျက်ပြီ, ဥပေက္ခာဝေဒနာပျက်ပြီလို့ စွဲသာရှုနေ, ကျန်တာတွေဟာ သူနဲ့ ရောပျက်တာချည်းလို့ မှတ်လိုက်. . . (မှန်ပါ)။ ဘိက္ခုနီမတွေကို ဟောလိုက်တယ် . . . (မှန်ပါ) သဘောကျလား. . . (ကျပါတယ်)။

## ဝေဒနာကိုငါ့ကိုယ် ငါ့ဟာ မဆိုနိုင်ပါ

အဲ့ဒီပျက်နေတဲ့တရားကို ဒကာ ဒကာမတွေကတဲ့ ပျက်နေတဲ့ ဝေဒနာကို, ဒကာဒကာမတွေက, ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့, ဆိုနိုင်ပါရဲ့လား (မဆိုနိုင်ပါဘူး)။

မဆိုနိုင်ဘူးတဲ့, ဒါ ပျက်တာဟာ ဘယ်သူမှမဆိုင်လို့

www.dhammadownload.com



,ပိုင်ခြင်းကြောင့် အနတ္တတရားသက်သက်ပဲ (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်)၊ အနိစ္စတရားသက်သက် ပဲဆိုရင် . . . (မလွဲပါဘူး)၊ ဒုက္ခတရားသက်သက်ပဲဆိုရင် ကော . . . (မလွဲပါဘူး)၊ အနတ္တတရားသက်သက်ဆိုရင် ကော . . . (မလွဲပါဘူး)။

## အကြောင်းတရားပျက်လို့ အကျိုးတရားပျက်တယ်

အဲ့ဒီ ဝေဒနာလေးဟာ ဒကာ-ဒကာမတို့ အရင်ပျက် ရမည့်တရား၊ ဒီတင် ဘိက္ခုနီမတွေ မေးလိုက်တယ်၊ ဟေး ဒီဝေဒနာလေးဟာ ဘယ်နှယ်တုံး ဘိက္ခုနီမတို့ ဘယ်လိုများ သဘောကြောင့် အိုအရှင်ဘုရား သူသည်ကားဆိုလို့ရှိရင် ပျက်တတ်တဲ့တရားတော်၊ ပေါ်လာတဲ့ အကျိုးတရားပဲတဲ့ အကြောင်း ပျက်တော့(ပေါ့) အကျိုးက မပျက်ပါစေနဲ့ဆိုလို့ တပည့်တော်မတို့ ဘယ်ရမတုံး၊ တစ်ခါတည်း ဉာဏ်ထဲမှ ရှင်းသွားတယ်. . . (မှန်ပါ)၊ မရှင်းဘူးလား . . . (ရှင်းပါ တယ်)။

အဲ, ဉာဏ်ထဲမှ အဲ့ဒီကဲ့သို့ ရှင်းသွားတော့ ခင်ဗျားဝ လဲ အဲ့ဒီလိုပဲ, ဒကာတွေရော, ဒကာမတွေရော ဒီအတိုင်းရှင် ပါ. . . (မှန်ပါ)၊ ဩော်-သူဟာ နောက်ဆုံးပိတ် ဝေဒနာ လား. . . (မှန်ပါ)။

www.dhammadownload.com



"တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿ ပစ္စယာဝေဒနာ"ဟု သူနောက်မကျဘူးလား. . . (ကျပါတယ်)၊ အဲ့ဒါကြောင့် ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဝေဒနာတွေဟာ ပျက်သင့်လို့ ပျက်တဲ့ဥစ္စာ သူမှီတာတွေဟာ တစ်ခုမှ နိစ္စပါကြရဲ့လား (မပါ-ပါဘူး)။

အင်း-တစ်ခါတည်း မျက်လုံးရုပ်ကလဲ, အနိစ္စ. . . (မှန်ပါ)၊ အဆင်းရုပ်ကလဲ (အနိစ္စပါ)၊ မြင်စိတ်ကလေးကလဲ (အနိစ္စပါ)၊ သူ့ကြောင့်ဖြစ်ပြီးသကာလ အင်းသူတို့သုံးခု ပေါင်းမိလို့ ပေါ်လာတဲ့, ကောင်း, မကောင်းပေါ်လာတဲ့၊ ဝမ်းထဲမှာ ဝေဒနာလေးဟာ ဘယ့်နှယ်နေကြ. . . (အနိစ္စ)။ ဒါဖြင့် ဒီအနိစ္စက အရင်ဆုံး အနိစ္စဖြစ်သင့်တယ်ဆိုတာ, ဒကာ-ဒကာမတွေ ငြင်းဖို့လိုသေးလား. . . (မလိုပါဘူး)။

အင်း-ဆီကုန်လဲ သူပျောက်ရမယ်. . . (မှန်ပါ)၊ မီးစာကုန်လဲ (သူပျောက်ရပါမယ်)၊ မီးသေလဲ . . . (သူ ပျောက်ရပါမယ်)၊ အင်း-သူပျောက်တဲ့ဘက်ကချည်းနေတယ်၊ ဒီ့ပြင်ဟာတွေက အကုန်အကြွင်းရှိချင်ရှိသေးတယ်. . . (မှန်ပါ)၊ ဒါဖြင့် ဒီအနိစ္စသည် သူများထက်ရှေးကျတဲ့, အနိစ္စ လို့-ဆိုထိုက်, မဆိုထိုက် . . . (ဆိုထိုက်ပါတယ်)။

အဲ့ဒီတင် ဘိက္ခုနိမတို့ ဒီအနိစ္စ သဘောကျပလား, ဒိတရား, ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာများ "ဧတံမမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာ"ဆိုတဲ့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့

www.dhammadownload.com



များ သင်တို့ စွဲနိုင်ကြရဲ့လားဆိုတော့, အရှင်ဘုရားတဲ့ ဘယ်နည်းနဲ့မှ မစွဲဘူး၊ အနိစ္စကြောင့် ဖြစ်တဲ့တရားဟာဖြင့် အနိစ္စကိုမှီပြီးသကာလ, ဖြစ်ရတဲ့ မီးနဲ့တူတဲ့, အလင်းနဲ့တူတဲ့ ဝေဒနာသည် ဘယ်မှာသာလျှင် အနိစ္စဆိုတဲ့ဥစ္စာကို မလွဲတမ်း၊ ကေန်ဖြစ်ရမယ်ဆိုတာ တပည့်တော်တို့ အင်မတန် ရှင်းပါတယ်၊ အဖြေသဘောကျလား. . . (ကျပါတယ်)။

အင်မတန်ရှင်းပါတယ်အဖြေ, ဒါဖြင့် မင်းတို့ ဒီအတိုင်းပဲ ဆက်ပြီးသကာလ, ကြိုးစားပါလို့ဆိုတော့ ဒကာ- ဒကာမတို့ ဘိက္ခုနီမတွေ သောတာပန် တောင့်တတဲ့ ပုဂ္ဂိုလ်က, ဖြစ်ပျက်တွေမြင်, ဖြစ်ပျက်မုန်း, ဖြစ် ပျက်ဆုံးလို့, သောတာပန်လောက်တော့ ဖြစ်မယ်လို့ မှန်းတဲ့ ပုဂ္ဂိုလ်က, သောတာပန်တည်တယ်. . . (မှန်ပါ)၊ ဒီဖြစ်ပျက်ပဲ. . . (မှန်ပါ)။

တချို့က သကဒါဂါမ်လောက် မှန်းထားတဲ့ပုဂ္ဂိုလ်က (သကဒါဂါမ်တည်ပါတယ်)၊ အနာဂါမ်လောက်မှန်းထားတဲ့ ပုဂ္ဂိုလ်က . . . (အနာဂါမ်တည်ပါတယ်)၊ တချို့က ရဟန္တာမှန်းထားတဲ့ပုဂ္ဂိုလ်က . . . (ရဟန္တာဖြစ်ပါတယ်)။ မကွာဘူးလား. . . (ကွာပါတယ်)။

အဲ့ဒါကြောင့် ဒကာ- ဒကာမတွေလဲ ဒီဘဝ ဇာတ်သိမ်းမယ်လို့ မှန်းမှ ကောင်းလိမ့်မယ်. . . (မှန်ပါ)၊ ဇာတ်သိမ်းမယ်လို့ မမှန်းဘဲနဲ့ ပါရမီဖြစ်ဆို မရတော့ပါဘူး (မှန်ပါ)။

www.dhammadownload.com



ဒီဘဝမှာ တို့(ဒို့) ဆရာကောင်းသမားကောင်းနဲ့ တွေ့ရတယ်, ပါရမီဖြစ်တော့ နားဦးမှုဘဲ ထိုက်တန်သလောက်လဲ ပါရမီဖြစ်အောင် ကြိုးစားမှုပဲဆို, ရမှာမဟုတ်ပါဘူး၊ စိတ်သာချ . . ., (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါတယ်)။

**တဲ ယနေ့ ဒီတင် တော်ပါဦး။**

**သာဓု . . . သာဓု . . . သာဓု**

www.dhammadownload.com

www.dhammadownload.com